# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၅၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား အထက်စက်တော်ရာ ပထမရွှေစေတီတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန်းရွှေစက်တော်ရာဘုရား၊ စကြာပန်းတောင်းစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်နှင့် မကွေးမြသလွန်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪

**ယနေ့** *ဖတ် စ ရာ*

**မွန်ပြည်နယ်၌ သဘာဝကိုအခြေခံသည့် ခရီးသွားလာရန် နေရာများစွာရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
ပြည်တွင်းသတင်း | စာ - ၁၀

**ယူဂန္ဓာနိုင်ငံ၌ အီဘိုလာဖြစ်ပွားမှု အချက်အချာကျသည့် ခရိုင်နှစ်ခုကို အသွားအလာကန့်သတ်မှု သက်တမ်းတိုး**
နိုင်ငံတကာသတင်း | စာ - ၁၃

**ရွှေရတုသက်တမ်း "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆောင်ပုဒ်**
ဆောင်းပါး | စာ - ၂၁

# မြန်မာ့ MSME များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး

အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည်။ နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသော MSME ခေါ် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားလုပ်ငန်းများဟူ၍ လေးမျိုးလေးစားရှိသည့်အနက် မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းကဏ္ဍ (Manufacturing Sector) က ၄၀ ရာခိုင်နှုန်းရှိပြီး အရေအတွက်အားဖြင့် အများဆုံးဖြစ်သည်။ တစ်ဖန် မြန်မာ့စီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်မှာလည်း လုပ်ငန်းငယ်များဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုစစ်တမ်းအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထုတ်လုပ်မှုလုပ်ငန်းအများစု တည်ရှိနေပြီး ထုတ်လုပ်မှုလုပ်ငန်းများ၏ အခြေခံအုတ်မြစ်မှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်မှု လွန်စွာနည်းပါးပြီး နည်းပညာနိမ့်ကျခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာနည်းပါးကြောင်း၊ လုပ်ငန်းသုံးစက်ကိရိယာများမှာလည်း လက်ဖြစ်ကိရိယာ (Hand Tool) များနှင့် စက်အိုစက်ဟောင်း၊ စက်တစ်ပတ်ရစ် (Old and Second Hand Machinery) များဖြင့် လုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းကြီးအချို့မှလွဲ၍ ကျန်လုပ်ငန်းများတွင် ဈေးကွက်လက်လှမ်းမှီမှု (Market Access) ကို ဖြစ်စေမည့် International Standard လွန်စွာနည်းပါးကြောင်း သိရှိရသည်။

မိမိတို့နိုင်ငံတွင် MSME လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ကုန်ကြမ်းရရှိရန် သေချာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် တန်ဖိုးရှိ၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဒေသတွင်းရှိ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို အခြေခံသည့် တန်ဖိုးရှိနှင့် တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်းတို့ကို အခြေခံကျကျထုတ်လုပ်ရန်၊ မိမိတို့ဒေသနှင့်ကိုက်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်တိုက်တွန်းမှုများပြုထားသည်။ MSME များအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးနှင့် ငွေကြေးအရင်းအနှီးလိုအပ်ချက်၊ လူသားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးတို့အတွက်လည်း အကြံပြုဆွေးနွေးခဲ့ပြီး မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့်ထုတ်ကုန်အများစု၏ အရည်အသွေးပိုင်းဆိုင်ရာအားနည်းချက်များကို အရည်အသွေးမီအောင် ဆောင်ရွက်ရေးအတွက်လည်း တိုက်တွန်းထားသည်။

MSME များမှ ထုတ်ကုန်များ၏ အားနည်းချက်များဖြစ်သော အရည်အသွေးကောင်းမွန်ရေးအတွက် ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများလိုအပ်သကဲ့သို့ ဆန်းသစ်တီထွင်မှုများလည်း လိုအပ်သည်။ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ရောင်းဝယ်မှုနှင့် အခြားကဏ္ဍအားလုံးတွင် ဆန်းသစ်တီထွင်မှုတို့ စဉ်ဆက်မပြတ်ရှိနေမှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ဆန်းသစ်တီထွင်မှုများက စားသုံးသူဖောက်သည်များကို ဆွဲဆောင်နိုင်မှုဖြစ်စေသကဲ့သို့ စိတ်ကျေနပ်မှုနှင့် သက်သောင့်သက်သာဖြစ်စေသည့်အလျောက် အသေးစိတ်ကလေးမှအစ ယခင်က လုံးဝမရှိခဲ့ဖူးသေးသော ဖန်တီးမှုအသစ်များအထိ ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ် ဖော်ဆောင်ကြကာ မြန်မာ့ MSME များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ မဆုတ်မနစ်အားထုတ်ကြိုးပမ်းကြရပါမည့်အကြောင်း။ ။




## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၄၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၄၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၇၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၈၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

❂ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ဆည်းကပ်သည့်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ထိန်းသိမ်းဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်သို့ သွားရောက်သည့် ယာယီချောင်းကူးတံတားအား ရေအမြင့်နှင့်လျော်ညီပြီး ဘုရားရင်ပြင်တော်ထက် မမြင့်သည့် ယာယီဘေလီသံတံတားနှင့် စေတီတော်သွားလျှောက်လမ်းတစ်ခု တည်ဆောက်ရန်၊ ချောင်းရေအား သင့်တော်သည့် ရေအမြင့်ရှိစေရေး ရေထိန်းနံရံငယ်တစ်ခုတည်ဆောက်ရန်နှင့် ဘုရားပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် သာသနိကအဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စု သက်သာပန်းတောင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အထက်စက်တော်ရာသို့ရောက်ရှိကြပြီး ပထမရွှေစေတီတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက်

*စာမျက်နှာ ၄ သို့*



# မန်းရွှေစက်တော်ဘုရားကြီးအား ရှေးမူမပျက်စေဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား

### ရွှေသင်္ကန်းကပ်လှူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။

### လှည့်လည်ကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မန်းရွှေစက်တော်ဘုရား အထက်စက်တော်ရာ၌ လှည့်လည်ကြည့်ရှုစဉ်။



*စာမျက်နှာ ၃ မှ*

ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန်းရွှေစက်တော်ဘုရားအတွင်း လှည့်လည်ကြည့်ရှုပြီး ဘုရားကြီးအား ရေးမူမပျက်စေဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

**ဆက်လက်ထိန်းသိမ်းဆောင်ရွက်**

အဆိုပါ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဘုရားဖူးလာပြည်သူများ ရာသီမရွေး လာရောက်ဖူးမြော်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၀ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြီးမှူး၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အမြင့် ၅ ပေ၊ အထု ၃ လက်မ၊ အလေးချိန် ၃ တန်ရှိ အလင်းပေါက်ဖန်အုပ်ဆောင်းကို လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စု သက်သာပန်းတောင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ စကြာပန်းတောင်း စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။ ထို့နောက် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မကွေးမြို့ရှိ မကွေးမြို့ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မကွေးမြသလွန်စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**ရန်ပုံငွေကျပ်သိန်း ၅၀ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ လယ်ကိုင်းကျေးရွာသို့ရောက်ရှိကြပြီး ရွှေပြည်အေးဘုရားနှင့် ဓမ္မာရုံ ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုအခြေအနေများအား ကြည့်ရှု၍ ကျေးရွာရပ်မိရပ်ဖများ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသစီးပွားရေးအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား မေးမြန်းဆွေးနွေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ်သိန်း ၅၀ ကို ပေးအပ်ရာ ရပ်မိရပ်ဖ ဦးစိန်ထွန်းအောင်နှင့် ရပ်မိရပ်ဖများက လက်ခံရယူကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ရှိ ရှင်ပင်စက္ကိန်းတဲစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြည်ညိုကာ ပန်းရေချမ်းကပ်လှူပူဇော်ကာ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ပရိဝုဏ်အတွင်းရှိ ရတနာသုခဓမ္မာရုံအတွင်း၌ မင်းဘူးမြို့နှင့် စကုမြို့တို့မှ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။ ဦးစွာ ရပ်မိရပ်ဖများက တစ်ဦးချင်း မိတ်ဆက်ကြပြီး ဒေသတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့နှင့် စကုမြို့တို့မှ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မကွေးမြို့ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်သော လူအများအပန်းဖြေနေရာ Public Area ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက်လိုအပ်သည့် ရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပွင့်ဖြူတွင် စိုက်ပျိုးရေးသိပ္ပံရှိပြီးဖြစ်ပြီး စကု၌ မွေးမြူရေးသိပ္ပံတစ်ခု ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်မှုတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ပိုမိုလျင်မြန်စွာဆောင်ရွက်

ဒေသတွင်း၌ ဆေးဝါးထုတ်ကုန်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်လိုအပ်ကြောင်း၊ စက်သုံးဆီများကိုလည်း ချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကာ ပြည်တွင်း၌ ငွေကြေးလည်ပတ်မှု အားကောင်းလာမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီများ သုံးစွဲရာတွင်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုပုံစံဖြင့် စားသုံးရန်လိုကြောင်း၊ အစိုးရမှ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို အဆင့်ဆင့် ဖွင့်လှစ်ပေးထားပြီးဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း သက်ဆိုင်ရာ ပညာရပ်များအလိုက် ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လယ်ကိုင်းကျေးရွာရှိ ရွှေပြည်အေးဘုရားနှင့် ဓမ္မာရုံ ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုအခြေအနေများအား ကြည့်ရှုစဉ်။

ထို့အပြင် ဒေသတွင်း သန့်ရှင်းသာယာလှပရေးအတွက်လည်း ဒေသခံပြည်သူလူထုနှင့် ဒေသတွင်းလာရောက်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသသာယာလှပပြီး ဒေသမှ ထွက်ရှိသည့် ဒေသထုတ်ကုန်များ နာမည်ရလာပါက ဒေသသို့ လာရောက်လည်ပတ်သူများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်း ငွေကြေးလည်ပတ်မှု အားကောင်းကာ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် မင်းဘူး ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်ရာ ရပ်မိရပ်ဖများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ရှိ မကွေးမြို့ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ ကမ်းနားလမ်းသို့ရောက်ရှိကြပြီး ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်သော လူအများအပန်းဖြေနေရာ Public Area ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ဘူးသီးတောင် နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများအား သက်ဆိုင်ရာလုပ်ငန်းများတွင် စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း မေယုရတနာခန်းမ၌ ကျင်းပသည်။(ယာပုံ)

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် ပညာရေးမှူး ဦးမောင်တင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ အနေဖြင့် ပြည်ထောင်စု ဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏မှာကြားခဲ့သည့် စီမံခန့်ခွဲမှုဆိုင်ရာ အချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပညာရေးနှင့် ပတ်သက်သော လုပ်ငန်းလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြီး တက္ကသိုလ်ဝင်စာမေးပွဲများတွင် မိမိတို့မြို့နယ်အတွင်း အောင်ချက်ရာခိုင်နှုန်းကောင်းမွန်စေရေး၊ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းစေရေး၊ ဆရာ ဆရာမများ၏ စာသင်ကြားမှု အခြေအနေများနှင့် ကျောင်းသား ကျောင်းသူများ ပညာရေးတိုးတက်ရေးကို အစဉ်မပြတ်လေ့လာကြည့်ရှုရေး စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား မြို့နယ်ပညာရေးမှူး ဦးမောင်တင်အောင်က သက်ဆိုင်ရာလုပ်ငန်းများ၌ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဘာသာရပ်များ နှစ်ရက်သင်ကြားခဲ့ကြောင်း သိရသည်။ **လှကျော်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ) သို့ သွားရောက်စစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းလွင်က ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင် မောင်အေးနှင့် တပ်မတော်အရာရှိ ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တပ်မတော် ဝါ စိုက်ပျိုးရေးတပ် (ပွင့်ဖြူ)သို့ သွား ရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စစ်လက်နက် ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းလွင်က တပ်မတော်ဝါစိုက်ပျိုး ရေးတပ် (ပွင့်ဖြူ) တပ်သမိုင်း အကျဉ်း၊ ရည်မှန်းချက်တာဝန် နှင့် စိုက်ပျိုးရာသီအလိုက် လုပ်ငန်းစီမံချက်ဇယားချမှတ်၍ ဆောင်ရွက်လျက်ရှိမှု၊ တပ်မတော် ဝါစိုက်ပျိုးရေးတပ်(လွန်ကျော်) ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများနှင့် စိုက်ကေအလိုက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေ အနေများကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မကွေး တိုင်းဒေသကြီးသည် ဝါထွက်ရှိ သည့် ဒေသတစ်ခုဖြစ်ပြီး တပ်မတော် ဝါစိုက်ပျိုးရေးတပ် များအနေဖြင့်လည်း တပ်မတော် စက်ရုံများအတွက် လိုအပ်သည့် ဝါဂွမ်းများကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ တစ်ကေအထွက်နှုန်း ထားသည် နည်းပါးနေသေးသည် ကို တွေ့ရှိရပြီး တစ်ဧကေ အထွက် နှုန်း တိုးတက်အောင် ဆောင်ရွက် ကာ တပ်မတော်၏ ဝါဂွမ်း လိုအပ်ချက် ပြည့်မီအောင်ဆောင် ရွက်ရန်နှင့် ပိုလျှံစိုက်ကေများကို မွေးမြူရေးလုပ်ငန်းများ ဆောင် ရွက်ခြင်းဖြင့် တိရစ္ဆာန်စွန့်ပစ် ပစ္စည်းများမှ မြေသြဇာရရှိနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိက လိုအပ်သည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ မြေဆီမြေလွှာ ကောင်းမွန်အောင် မြေပြုပြင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး တို့ကို မှန်မှန်ကန်ကန်ဆောင်ရွက် ခြင်းဖြင့် အထွက်နှုန်းကောင်းမွန် အောင် ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ စိုက်ပျိုးရေးယာပတ်လည် အား အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်းအားဖြင့် စိမ်းလန်း စိုပြည်ရေးကိုလည်း ဆောင်ရွက် ရန်လိုကြောင်း၊ လုပ်ငန်း ဆောင်ရွက်မှုများကို လက်တွေ့ ကျကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော် ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ)၌ ဝါဂွမ်းထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ) အတွင်း ဝါစိုက်ပျိုးထားရှိ မှုများနှင့် ဝါဂွမ်းထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> “ မကွေးတိုင်းဒေသကြီးသည် ဝါထွက်ရှိသည့် ဒေသတစ်ခုဖြစ်ပြီး တပ်မတော် ဝါစိုက်ပျိုးရေး တပ်များ အနေဖြင့်လည်း တပ်မတော် စက်ရုံများအတွက် လိုအပ်သည့် ဝါဂွမ်းများကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပေးနိုင်ရမည်”



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ) အတွင်း ဝါစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ *ကျောဖုံးမှ*

ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတတို့မှ အနုပညာရှင်များက ပဏာမ ညွှန့်ခံ ဂီတသံ၊ "လွတ်လပ်ရေးနေ့ ဂုဏ်ပြု အစီအစဉ်"၊ "မျက်ရည်ချိန်လက်မ ၃၀၀"၊ "အဆင်ပြေပါစေ"၊ "ရွှေကိန္ဒရီလား သူဇာလား"၊ "လွတ်လပ်ရေးနေ့ ဂုဏ်ပြုပဏာမ တေးတစ်ပုဒ်ဖြစ်သည့် "ပဒေသာပင် မြေမှာမပေါက်"၊ "နွေဦးအလွမ်း"၊ "မင်း"၊ "နေပါစေချစ်လို့"၊ "ချာတိတ်" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "မန္တလေးအငြိမ့်" ဖြင့်လည်းကောင်း၊ "နိုဝင်ဘာမှာ လာမှာလား"၊ "မပြိုသည့်မိုး" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "ထုဆစ်သူတို့ နှလုံးသား" တစ်ခန်းရပ်ဖြင့်လည်းကောင်း၊ "မလိခမှ အလွမ်းလေးများ"၊ "ပင်စင်ယူပါဦး"၊ "လက်ပံပွင့်ကောက် အရောက်လာမယ်"၊ "ရည်စား"၊ "အနားမှာ နေပါကွယ်" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "လွဲရခက်ကြီး" ပြဇာတ်၊ "ကောင်းသောည" တေးဂီတဖျော်ဖြေမှု၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအနားသတ် အစီအစဉ်တို့ဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေ တင်ဆက်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပဒေသာကပွဲကို နိုဝင်ဘာ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် အနုပညာရှင်များ သီဆိုကပြဖျော်ဖြေနေမှုကို ပြည်သူများ ကြည့်ရှုအားပေးစဉ်။




ပဒေသာကပွဲတွင် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

# YBS များအားလုံး၌ CCTV တပ်ဆင်ရန်၊ ထူးခြားဖြစ်စဉ်အဖြစ်များသည့် နေရာများ၌ စည်းကမ်းထိန်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးကြပ်မတ်ရန်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးရေးနှင့်စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုများ၊ စည်းကမ်းပျက်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို စစ်ဆေးဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်နေသော်လည်း စည်းကမ်းလိုက်နာမှုမရှိဘဲ မကြာခဏ စည်းကမ်းဖောက်ဖျက်နေသည်ကို တွေ့ရှိနေရကြောင်း၊ YBS ယာဉ်၊ မီးရထား၊ City Taxi များရှိ ကြော်ငြာများ၊ Sticker များ၊ ဆေးရောင်ခြယ်ခြင်းများဖြုတ်သိမ်းရေး အမြန်ဆုံးဆောင်ရွက်ရန်၊ အနေးယာဉ်များအားလုံး ရောင်ပြန်များတပ်ဆင်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ သတ်မှတ်နယ်မြေအတွင်း ဆိုင်ကယ်မောင်းနှင်သူ၊ စီးနင်းသူများအားလုံး အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်ဦးထုပ်များကို မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်မောင်းနှင်စေရန်၊ မော်တော်ယာဉ်မောင်းနှင်သူ၊ စီးနင်းသူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုစေရေး တိုးမြှင့်ကြပ်မတ်ဆောင်ရွက်ရန်၊ YBS များအားလုံး၌ CCTV တပ်ဆင်ရန်၊ ထူးခြားဖြစ်စဉ်အဖြစ်များသည့် နေရာများ၌ စည်းကမ်းထိန်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးကြပ်မတ်ရန်၊ အဝေးပြေးကားလက်မှတ်၊ မီးရထားလက်မှတ်များ ရောင်းချရာတွင် နိုင်ငံသားစိစစ်ရေးကတ် မှတ်ပုံတင်မပါဘဲ ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ YBS ကားများအပါအဝင် ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်များကို အသိပညာပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ယာဉ်မောင်းများ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းသိရှိနားလည်ပြီး လေးစားလိုက်နာစေရေး တာဝန်ရှိသူအဆင့်ဆင့်က ဆောင်ရွက်ရန် ပြောကြားသည်။**(အောက်ဝဲပုံ)**



ထို့နောက် ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် မျိုးမင်းထိုက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ပညာပေးရေးနှင့် လိုက်နာမှုမရှိပါက စစ်ဆေးအရေးယူရေးဆွေးနွေးပြီး ဆပ်ကော်မတီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တက်ရောက်လာသူများက ကဏ္ဍအလိုက်ဆွေးနွေးအကြံပြုခဲ့သည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌက လုပ်ငန်းများဆောင်ရွက်ရာတွင် ဆပ်ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားပြီး တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးရေးနှင့်လိုက်နာမှုမရှိပါက စစ်ဆေးအရေးယူရေး ဆွေးနွေးခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အိန္ဒိယ - မြန်မာ ကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေး ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်းပေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

အိန္ဒိယ –မြန်မာ ကုန်သည်များအသင်း အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ India Centre ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အိန္ဒိယသံအမတ်ကြီးတို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကြပြီး မြန်မာ –အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စများ၊ အိန္ဒိယနိုင်ငံ ဈေးကွက်သို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ကိစ္စများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ် – အာဆီယံ ဆောက်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်နှင့် အဆင့်မြင့်အရည်အသွေးရှိ နေထိုင်မှုဝန်းကျင်ပြပွဲ တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရုတ် – အာဆီယံ ဆောက်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်နှင့် အဆင့်မြင့် အရည်အသွေးရှိ နေထိုင်မှုဝန်းကျင်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က Video Key Note Speech ဖြင့် အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)**




### အတွေ့အကြုံများမျှဝေ

ပြည်ထောင်စုဝန်ကြီးက ယခုဖိုရမ်ကို ကျင်းပခြင်းဖြင့် ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးအတွက် အာဆီယံ – တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အာဆီယံ – တရုတ် အသိုက်အဝန်းအတွက် အပြန်အလှန် အကျိုးစီးပွား ရရှိစေရေး အားဖြည့်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လူနေမှုအဆင့်အတန်းမြင့်မားသော လူမှုအသိုက်အဝန်း ဖြစ်ထွန်းလာစေရန် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို နိုင်ငံအသီးသီးရှိ ကဏ္ဍအလိုက် ကျွမ်းကျင်သူများနှင့် ခေါင်းဆောင်များက အတွေ့အကြုံများ မျှဝေကာ အပြန်အလှန် နီးနှောဖလှယ်ခွင့် ရရှိမည်ဖြစ်သည့်အတွက် အထူးအခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း။

### တရုတ် –အာဆီယံအသိုက်အဝန်း

ကျေးလက် – မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ကာဗွန်လျော့နည်းသော ဖွံ့ဖြိုးတိုးတက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုများ၊ Belt and Road Initiative အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများစသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းဖြင့် ပိုမိုရင်းနှီးသော တရုတ် – အာဆီယံ အသိုက်အဝန်းတွင် ပါဝင်ခွင့်ရရှိပြီး ပိုမိုလေ့လာခွင့်များလည်း ရရှိမည်ဖြစ်ပါကြောင်း။

ယခု ဖိုရမ်သည် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍ တိုးတက်လာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော လူ့အသိုက်အဝန်းများ တည်ဆောက်ရန်အတွက် အလွန်ပင် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပိုမိုကောင်းမွန်တောက်ပသော အနာဂတ်လူ့အဖွဲ့အစည်း ဖြစ်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

### ဒစ်ဂျစ်တယ်ဆောက်လုပ်ရေး

အဆိုပါ ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစိုးရအဆင့်မြင့် အရာရှိကြီးများ၊ တရုတ်မှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်း/ပြည်ပ ဆောက်လုပ်ရေးလုပ်ငန်းများမှ ပညာရှင်များ၊ ပြည်နယ်အသီးသီးရှိ အိမ်ရာနှင့် မြို့ပြ – ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနတို့မှ အရာရှိများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ဆောက်လုပ်ရေး အတိုင်ပင်ခံလုပ်ငန်း၊ ဒီဇိုင်းလုပ်ငန်းနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းတို့မှ ပညာရှင်များနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်တက်ရောက်ကြပြီး RCEP မူဝါဒများနှင့် အခွင့်အလမ်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ အင်တာနက်၊ အများပြည်သူလုံခြုံမှု နည်းပညာနှင့် မြို့ပြလုံခြုံမှု၊ Smart Infrastructure ဝန်ဆောင်မှု၊ ဒစ်ဂျစ်တယ်ဆောက်လုပ်ရေးနှင့် အဆောက်အအုံများ တိုးတက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် ကာဗွန်ထုတ်လုပ်မှုနှင့် ကာဗွန်စုပ်ယူမှု မျှခြေရှိသည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ် ဂန္ဓမာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဘူးသီးတောင် နိုဝင်ဘာ ၂၇**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိသော ဂန္ဓမာကျေးရွာအတွင်း ရွာတွင်းလမ်းဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဂန္ဓမာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေသိန်း ၁၀၀၊ ပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၅၀၊ စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ဖြင့် အလျားပေ ၈၅၀ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ရာ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကိုထွန်း**



# မန္တလေးမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းဖွင့်

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို နိုဝင်ဘာ ၂၂ ရက်က ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းတွင် မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ဝေဝေက အမှာစကားပြောကြားပြီး ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ငါးသယံဇာတ ထိန်းသိမ်းခြင်း၊ တားမြစ်ငါးဖမ်းနည်းဖြင့် ငါးမဖမ်းဆီးစေရေးနှင့် ဖမ်းဆီးပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုပြောကြားခြင်း၊ အခြေခံငါးမွေးမြူရေးအတွက် မြေနေရာရွေးချယ်ခြင်းများကို ပို့ချဆောင်ရွက်ခဲ့ပြီး အမရပူရမြို့နယ်ဦးစီးမှူး ဦးဌေးမင်းက အခြေခံငါးမွေးမြူခြင်းနှင့် ဆေးထိုးသားဖောက်ခြင်း နည်းပညာများကို သင်တန်းကာလ နှစ်ရက်အတွင်း စာတွေ့ပို့ချခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာမှ ရေလုပ်သား ၂၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# စလင်းမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းဖွင့်လှစ်

**ပွင့်ဖြူ နိုဝင်ဘာ ၂၇**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသခံပြည်သူများ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်း နည်းပညာများ ရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ယမန်နေ့က စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းသို့ မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးသိန်းကိုကိုထွန်း တို့က သင်တန်းအထောက်အကူပစ္စည်းများ ပေးအပ်ပြီး ပညာပေးသင်တန်းဖွင့် လှစ်ပို့ချဆောင်ရွက်ရာ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြသည်။ သင်တန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**သတင်းစဉ်**

# (၆)ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲ၌ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများပြုလုပ်ရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၇

**(၆) ကြိမ်မြောက် တရုတ် – တောင်အာရှကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်နိုင်ငံကူမင်း ပို့ကုန် သွင်းကုန် ကုန်စည်ပြပွဲကို ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့စဉ်အတွင်း အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း ၁၆၉ ခု သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရှိရသည်။**

အဆိုပါပြပွဲများသို့ နိုင်ငံ၊ ဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်း ၈၀ တို့မှ ကိုယ်စားလှယ်များက အွန်လိုင်းနှင့် အော့ဖ်လိုင်း ပါဝင်တက်ရောက်ခဲ့ကြပြီး ပြပွဲခေါင်းစဉ်ဖြစ်သည့် “အခွင့်အလမ်းသစ်များကို အတူမျှဝေ၍ ဖွံ့ဖြိုးတိုးတက်မှုသစ်များကို အတူရှာဖွေခြင်း” နှင့်အညီ အတူတကွ ပူးပေါင်းပါဝင်ပြသခဲ့ကြသည်။

ပြပွဲကာလ နိုဝင်ဘာ ၂၀ ရက်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုများ၌ အစိမ်းရောင်စွမ်းအင်၊ ကုန်းပြင်မြင့်ပုံစံ ခေတ်မီစိုက်ပျိုးရေး၊ အဆင့်မြင့်ကုန်ထုတ်လုပ်မှုများ၊ ထုတ်ကုန်ပစ္စည်းအသစ်များ၊ ဇီဝဆေးဝါးထုတ်လုပ်ခြင်း၊ အထွေထွေကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အစရှိသည့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ အဓိကကျသည့် စက်မှုလုပ်ငန်း ၁၂ ခု အပေါ်တွင် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၉ ရက်တွင်ကျင်းပသည့် ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် က ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီး သမ္မတက တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများသည် အပြန်အလှန် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်ကာ နှစ်ဦးနှစ်ဖက် ကဏ္ဍစုံလက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ကူးလူးဆက်ဆံမှုများသည် ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များကို ထိန်းသိမ်းထားနိုင်ကာ နိုင်ငံအသီးသီးမှ ပြည်သူများအား အကျိုးပြုနိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲကို ပလက်ဖောင်းအဖြစ် မှတ်ယူ၍ နိုင်ငံအသီးသီးနှင့်အတူ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စုစည်းရန်၊ ဘုံဖွံ့ဖြိုးတိုးတက်မှုကို အတူရှာဖွေရန်၊ ပူးပေါင်းဆောင်ရွက်မှုအသစ်များကို အဆက်မပြတ်ဖန်တီးရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်၍ ဗီဒီယိုမှတစ်ဆင့် အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ကုမ္ပဏီ သုံးခုခန့်ကလည်း ပြပွဲတွင် ပါဝင်ပြသခဲ့သည်။ **ခင်ရတနာ (Source, Xinhua News/ တရုတ်သံရုံး)**



## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ လုပ်ငန်းခုနစ်ခုတို့ဖြင့် အလုပ်အကိုင် ၂၈၈၅ ဦး ဖန်တီးပေး

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများတက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။(**အပေါ်ယာပုံ**)



ရန်ကုန် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုတို့ကို အတည်ပြုပေးခဲ့ပြီး လုပ်ငန်းများမှာ CMP စနစ်ဖြင့် အဝတ်အထည်၊ ခြေအိတ်၊ ဖိနပ် အမျိုးမျိုးချုပ်လုပ်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း၊ Manufacture of Structural Metal Products (Such as Steel Structure, Color Steel Tile) လုပ်ငန်းတို့ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ မြန်မာကျပ်ငွေ ၁၆၃၃ ဒသမ ၄၀၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၄၈ သန်းဖြစ်ပြီး စုစုပေါင်း လုပ်ငန်း ခုနစ်ခုတို့မှပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၂၈၈၅ ဦးအတွက် ဖန်တီးပေးခဲ့ကြောင်းနှင့် ကုမ္ပဏီ ၁၆ ခုတို့၏ တင်ပြချက်များကို ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်မြို့တွင် ၁ ဒသမ ၁၁ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၀၆ လက်မ၊ မြောင်းမြမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ရန်ကုန်(ဗိုလ်တထောင်မြို့နယ်) တွင် ၀ ဒသမ ၈၃ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ လပွတ္တာမြို့တွင် ၀ ဒသမ ၅၉ လက်မနှင့် လှိုင်လင်မြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် ၁ ဒသမ ၃၅ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် ပညာ သင်ကြားလျက်ရှိသည့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ခိုလမ်တပ်နယ်ရှိ ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများ၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာသင်စရိတ်များကို ထောက်ပံ့ပေးအပ်ကြသည်။

အလားတူ မိုင်းပန်တပ်နယ် မိုင်းနောင်တပ်နယ်၊ နမ့်စန်တပ်နယ်၊ လွိုင်လင်တပ်နယ်၊ ကျိုင်းတောင်းတပ်နယ်၊ ကွန်ဟိန်းတပ်နယ်၊ လင်းခေးတပ်နယ်၊ မိုးနဲတပ်နယ်နှင့် လဲချားတပ်နယ်များတွင်လည်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးရှိ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ ပညာသင်စရိတ်များကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြကြောင်းနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့အသီးသီးရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉၉၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃၇၇ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၁၅၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၅၂၉ ဦးတို့ကို (ဒုတိယအကြိမ်) ပညာသင်စရိတ်များ ထောက်ပံ့ ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခုလို ဘွဲ့ချီးမြှင့်တဲ့အခါမှာ ခရစ်ယာန်ဂိုဏ်းအသီးသီးကိုလည်း အသိအမှတ်ပြုပေးတယ်ဆိုတဲ့အခါ တော်တော်လေး အံ့ဩဝမ်းသာပါတယ်။ မြန်မာပြည်ကြီးမှာ ငြိမ်းချမ်းပါစေ။

**သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်း၊ သီရိပျံ့ချီဘွဲ့**

*သတင်းအဖွဲ့*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။




သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်း၊ သီရိပျံ့ချီဘွဲ့




(ဒေါက်တာ တင်ရွှေ)- သိပ္ပကျော်စွာဘွဲ့ (ဒေါက်တာ တင်ရွှေ)၏ သမီး ဒေါ်သက်သက်ရွှေ




ဦးအောင်ချိုမြင့် ပိုက်ကျော်ခြင်းနည်းပြ လူမှုထူးချွန်(တတိယဆင့်)




ခိုင်နှင်းဝေ သရုပ်ဆောင် လူမှုထူးချွန်ဆု(တတိယဆင့်)

**သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်း၊ သီရိပျံ့ချီဘွဲ့**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဇေဝဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်**

ကျွန်တော်ကတော့ မြန်မာနိုင်ငံ ဇေဝဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် Rev. Dr အေးမင်း ဖြစ်ပါတယ်။ အခုလို မမျှော်လင့်ဘဲနဲ့ နိုင်ငံတော်ကနေပြီးတော့ ဘွဲ့ချီးမြှင့်တာကို ကြားရတဲ့အခါ ကျွန်တော်က မြစ်ကြီးနားကို ရောက်နေတာပါ။ တော်တော်လေး အံ့ဩမိပါတယ်။ ဘာဖြစ်လို့ အံ့ဩမိသလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်း၊ ကျွန်တော့်ရဲ့ အတွေ့အကြုံအရဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာ အများစုနေထိုင်တဲ့ နိုင်ငံဖြစ်တယ်။ တခြားဘာသာတွေက အနည်းစုဖြစ်တာပေါ့။ အခုလို ဘွဲ့ချီးမြှင့်တဲ့အခါမှာ ခရစ်ယာန်ဂိုဏ်းအသီးသီးကိုလည်း အသိအမှတ် ပြုပေးတယ်ဆိုတဲ့အခါ တော်တော်လေး အံ့ဩဝမ်းသာပါတယ်။ ခရစ္စမတ်လည်း ရောက်လာတဲ့အခါ မြန်မာပြည်ကြီးမှာ ငြိမ်းချမ်းပါစေ၊ အမြန်ဆုံးကျန်းမာပါစေလို့ ဆုမွန်ကောင်း တောင်းပြီးတော့မှ လုပ်ဆောင်သွားဖို့ ခွန်အားတွေ ဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**(ဒေါက်တာ တင်ရွှေ)- သိပ္ပကျော်စွာဘွဲ့**
**(ဒေါက်တာ တင်ရွှေ)၏ သမီး ဒေါ်သက်သက်ရွှေ**

ဖေဖေကတော့ ဆေးပညာမှာထူးချွန်အောင် သူ့ကိုယ်သူ ကြိုးစားခဲ့ပါတယ်။ ပြီးတော့ စာပေလောကမှာလည်း တော်တော်ကြီးကို သူ့အနေနဲ့ ဝါသနာပါတဲ့ စာတွေကို ရေးသားခဲ့ပါတယ်။ သူ့ရဲ့ ရည်ရွယ်ချက်က ပညာကို သေရွာကို ယူမသွားကြေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိပ္ပံပညာနဲ့ဆိုင်တဲ့ စာအုပ်တွေရော၊ ဝိဇ္ဇာပညာနဲ့ဆိုင်တဲ့ စာအုပ်တွေရော ပြုစုရေးသား ထုတ်ဝေခဲ့ခြင်းဖြစ်ပါတယ်။ သူသာသိရင်တော့ တော်တော်လေး ပီတိဖြစ်ပါလိမ့်မယ်။

**ဦးအောင်ချိုမြင့်၊ လူမှုထူးချွန် (တတိယဆင့်)**
**ပိုက်ကျော်ခြင်းနည်းပြ**

နိုင်ငံတကာပြိုင်ပွဲတွေ၊ ဆီးဂိမ်းပွဲတွေ၊ အာရှပွဲတွေ ကျွန်တော်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ဆုတံဆိပ်တွေ များစွာရရှိခဲ့ပါတယ်။ အဲဒီ စွမ်းဆောင်ချက်တွေကြောင့် နိုင်ငံတော်ကနေ ဒီလိုအဆင့်မြင့်တဲ့ လူမှုထူးချွန် တတိယဆင့်ကို ချီးမြှင့်ခဲ့ပါတယ်။ ကျွန်တော်တို့ စွမ်းဆောင်ချက်နဲ့ နိုင်ငံတော်က ချီးမြှင့်တယ်လို့ ခံယူပြီးတော့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်ဖြစ်မိပါတယ်၊ နိုင်ငံတော်ကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။

**ခိုင်နှင်းဝေ၊ လူမှုထူးချွန်ဆု(တတိယဆင့်)**
**(ရုပ်ရှင်သရုပ်ဆောင်၊ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာ)**

ပရဟိတလုပ်ငန်းကို ၂၀၁၄ ခုနှစ်ကစပြီး ရေဘေးမှာ စတင်လုပ်ဆောင်ခဲ့တာပါ။ မိဘမဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ခဲ့တာက ၂၀၁၈ ခုနှစ်က စတင်ခဲ့တာပါ။ ပရဟိတလုပ်ငန်းကို စတင်လုပ်ဆောင်ချိန်မှာ အတိုက်အခံတွေကြားက ရုန်းကန်ပြီး လုပ်ဆောင်ခဲ့ရပါတယ်။ အမျိုးသမီးတစ်ဦးဖြစ်တဲ့အတွက် အမျိုးသားတွေထက်ပိုပြီး ရုန်းကန်ခဲ့ရပါတယ်။

အခု မိဘမဲ့ကလေးငယ် ၆၆ ဦးကို မွေးမြူစောင့်ရှောက်ထားပြီးတော့ ကလေးငယ် နှစ်ဦးကစပြီး မိဘမဲ့ဂေဟာလေးကို စတင်ခဲ့တာပါ။ လူမှုထူးချွန်ဆု (တတိယဆင့်) ရရှိမှုအပေါ် အထူးပဲ ကျေးဇူးတင်ပြီး ဝမ်းလည်းသာတယ်။ လူမှုထူးချွန်ဆုကို ကျွန်မမှ မဟုတ်ပါဘူး၊ အခြားသောပရဟိတ လုပ်ဆောင်သူတွေကိုလည်း ရစေချင်ပါတယ်။ ပရဟိတလုပ်ငန်းအားလုံး စည်းစည်းလုံးလုံးနဲ့ ဆက်ပြီးလုပ်ဆောင်မယ်ဆိုရင် အခက်အခဲရှိသူတွေကို မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက် ကူညီနိုင်မှာပါ။

ပရဟိတလုပ်ငန်းမှာ အခက်အခဲတွေ ရှိပေမယ့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအနေနဲ့ အခက်အခဲကြုံတွေ့နေရသူတွေကို တွေ့ရတဲ့အခါမှာ ကျွန်မဟာ ကျွန်မအတွက် ရှင်သန်တာမဟုတ်ဘဲ သူတို့အတွက် ရှင်သန်ရမယ်ဆိုတဲ့ အတွေးရှိခဲ့တယ်။

ဒီကိုရောက်လာတဲ့ ကလေးတွေဟာ တစ်ရက်ပြီးတစ်ရက် အသက်ရလာတာကြောင့် သူတို့လေးတွေရဲ့ နောင်ရေးကို အများကြီးကြိုးစားရဦးမှာပါ။ နောက်ထပ် ရောက်လာမယ့် ကလေးတွေအတွက်လည်း ကြိုးစားရဦးမှာပါ။ မိမိလုပ်ဆောင်နိုင်သရွေ့ လုပ်ဆောင်သွားဖို့လည်းရှိပါတယ်။ အခုလို နိုင်ငံတော်က အသိအမှတ်ပြုပြီး လူမှုထူးချွန်ဆု ချီးမြှင့်မှုအပေါ် ဝမ်းသာဂုဏ်ယူပါတယ်။ ဘာလို့လဲဆိုတော့ အသိအမှတ်ပြုမှုအပေါ်မှာ အမောပြေပြီး ဆက်လက်ကြိုးစားဖို့ ခွန်အားတွေလည်း ရရှိစေလို့ပါ။

---

# မွန်ပြည်နယ်၌ သဘာဝကိုအခြေခံသည့် ခရီးသွားလာရန်နေရာများစွာရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ



**မော်လမြိုင် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဘုရားသွား လမ်းမကြီးတစ်လျှောက် ကျေးရွာများတွင် အပန်းဖြေကမ်းခြေများစွာ ရှိသည့်အနက် ကဒတ်ထောက်ကျေးရွာမှ တစ်မိုင်ခန့် ကျိုက္ခမီ - စက်စဲ ခရီးစဉ်ဒေသနှင့် တစ်ဆက်တည်း သွားရောက်အပန်းဖြေလေ့လာနိုင်သော သဘာဝကျောက်ပန်းချီကမ်းခြေကို သဘာဝအလှတရားများ အခြေခံထားသည့် ခရီးသွားလာရာနေရာတစ်ခုအဖြစ် ဖော်ဆောင်လျက်ရှိသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကဒတ်ထောက်ကျေးရွာရှိ သဘာဝကျောက်ပန်းချီ ကမ်းခြေကို ၂၀၁၉ ခုနှစ်မှ စတင်ကာ ရဟန်းရှင်လူပြည်သူများ၊ လူကြီးလူငယ်အပန်းဖြေသူများ ကျန်းမာရေးကဏ္ဍကို များစွာအထောက်အကူပြုနိုင်ရန်အတွက် ဖော်ဆောင်ထားကြောင်း၊ စက်ဘီးနင်းဝါသနာရှင်များအတွက် တစ်မိုင်ကျော် နင်းနိုင်မည့်ခရီးစဉ်၊ တောတောင် သဘာဝအလှတရားများနှင့် ငှက်များ လာရောက်ကြည့်ရှုနိုင်ရန် တောင်တက်ခရီးစဉ်၊ ပင်လယ်အတွင်းရှိ သဘာဝအလှတရားများကို လေ့လာနိုင်ခြင်း၊ ငါးမျှားခြင်းနှင့် အပန်းဖြေနိုင်မည့်ခရီးစဉ်များကို ဆောင်ရွက်ထားရှိကြောင်း၊ မွန်ပြည်နယ်အတွင်း ကမ်းခြေများစွာရှိသည့်အနက် တစ်မူထူးခြားသော သဘာဝကျောက်ပန်းချီကမ်းခြေတွင် ရသသုံးမျိုးဖြစ်သည့် ပင်လယ်သဲသောင်ပြင်ကမ်းခြေ၊ သဘာဝကျောက်ဆောင်ကျောက်ခဲများနှင့် ကျောက်ပန်းချီခင်းကျင်းပြသမှုများ၊ တောတောင်သဘာဝပေါက်ပင်များကို လေ့လာနိုင်အောင် ဆောင်ရွက်ထားသော ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ အဆိုပါ ကမ်းခြေသို့ ဟိုတယ်ခရီးသွား အပန်းဖြေလာရောက်သူများအနေဖြင့် လေကောင်းလေသန့် အပြည့်အဝရရှိစေရန်၊ လမ်းလျှောက်ခြင်းအမူအကျင့်များ၊ ကိုယ်လက်လှုပ်ရှားမှုများ စသည့်ကျန်းမာရေးကဏ္ဍများကို ပြုလုပ်နိုင်စေရန်နှင့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ၊ အခြားအဖွဲ့အစည်းများမှသဘာဝ အလှတရားတို့ကို အသိပညာဗဟုသုတ ပိုမိုရရှိစေရန်အတွက် ဆောင်ရွက်ထားကြောင်း သဘာဝကျောက်ပန်းချီကမ်းခြေဖော်ဆောင်သူ ဦးအောင်ကျော်မိုး၏ ပြောပြချက်အရ သိရသည်။

မွန်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအနေဖြင့်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ညွှန်ကြားမှုပေးလျက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Barrier Free Tourism နှင့် ထင်ရှားသည့်ပွဲတော်များ၏ အခမ်းအနားများကို အကြောင်းပြု၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံချက်ရေးဆွဲပြီး စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လိုင်စင်များကို ဥပဒေ၊ နည်းဥပဒေ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုင်စင်ထုတ်ပေးမည်ဖြစ်ကာ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သားငယ်(မုဒုံ)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ (မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ) က ဦးဆောင်၍ အစိုးရဌာနအသီးသီးနှင့် စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအား အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြစေရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။





### တက်ရောက်ခဲ့

ဆွေးနွေးပွဲသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် သက်ဆိုင်ရာအစိုးရဌာန အသီးသီးမှ ကြီးကြပ်ရေး အာဏာပိုင်များဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် ဘဏ်များ၊ အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ တာဝန်ခံအရာရှိများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

### ဆွေးနွေး

ဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ကြီးကြပ်ရေးအာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြီးကြပ်မှုအားကောင်းစေရေး မြှင့်တင်ဆောင်ရွက်ရန်၊ သတင်းပို့အဖွဲ့အစည်းများမှ အစီရင်ခံသတင်းပို့မှုများ မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန် လိုအပ်သည့်အချက်များ၊ ရုံးထိုင်စစ်ဆေးခြင်း (Offsite) နှင့် ကွင်းဆင်းစစ်ဆေးခြင်း(Onsite) မှ တွေ့ရှိချက်များ၊ ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ပိုမိုနားလည်စေရေးအတွက် Case Study များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် ပြည်သူအတွက်အကျိုးရှိသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ **(ဝဲပုံ)**



### ထပ်ဆင့်ဂုဏ်ပြု

ဦးစွာ ဒုတိယဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည့် အရာထမ်းကြီးများနှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်မှ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့သဖြင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ထပ်ဆင့် အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

### အားလုံးဝိုင်းဝန်းဆောင်ရွက်

အငြိမ်းစားအရာရှိကြီးများအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအပေါ် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### ကျေးဇူးတင်စကား ပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နိုင်ငံတော်မှ ချီးမြှင့်သည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသည့် အငြိမ်းစားအရာရှိကြီးများနှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များကိုယ်စား စီမံထူးချွန်တံဆိပ် (ပထမဆင့်) ရရှိသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများနှင့် ဝန်ထမ်းများ အနက် နိုင်ငံတော်မှ သီရိပျံချီဘွဲ့ နှစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ငါးဦး၊ သိပ္ပကျော်စွာဘွဲ့ တစ်ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ရှစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်) လေးဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) နှစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) တစ်ဦးနှင့် စီမံထူးချွန်တံဆိပ် (တတိယဆင့်) ငါးဦး စုစုပေါင်း ၂၉ ဦးတို့ကို အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ရန်ကုန်မြို့ အဓိကလမ်းမကြီးများ သန့်ရှင်းသာယာရေး မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ရှိ အဓိက လမ်းမကြီးများ တစ်လျှောက် သန့်ရှင်းသာယာ သပ်ရပ်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းရှိ မူးယစ်ပြတိုက်ရှေ့သို့ သွားရောက်၍ ကွန်ကရစ်လမ်းတိုးချဲ့ခင်းကျင်းနေမှုနှင့်လမ်းဘေးရေမြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ လမ်းတိုးချဲ့ပြီးသည့်နေရာနှင့် လူသွားစင်္ကြံအကြား မြေညှိ၍ မြေယာရှုခင်းပြုလုပ်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဟံသာဝတီလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ အရိပ်ရပင်များ၏ အုပ်မိုးကိုင်းများ လမ်းပေါ်ကျရောက်မှု မရှိစေရေး ခုတ်ထွင်ရှင်းလင်း ပုံသွင်းအလင်းဖွင့်ရန်၊ စမ်းချောင်းမြို့နယ်ဘက်အခြမ်း ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းဆုံရှိ ဆိုင်များ သန့်ရှင်းသပ်ရပ်ရေးနှင့် ကမာရွတ်မြို့နယ်ဘက်အခြမ်း လမ်းဆုံတြိဂံမြေညှိ၍ Interlock ခင်းကျင်းရေး ဆောင်ရွက်ရန်၊ စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်းရှိ သစ်ပင်အုပ်မိုးကိုင်းများ လူသွားစင်္ကြံအပေါ် ကျရောက်မှုမရှိစေရေး ရှင်းလင်း၍ အလင်းဖွင့်ရန်နှင့် ကျောင်းသန့်ရှင်းသာယာ သပ်ရပ်ရေး ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဟံသာဝတီလမ်းနှင့် ဗဟိုလမ်းဆုံ လမ်းဘေးဝဲယာ အုတ်တံတိုင်းနံရံများ တိုက်ချွတ်ဆေးကြောနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လာမည့်ခြောက်နှစ်အတွင်း အမျိုးသမီးပါမောက္ခ ၃၀၀ ကျော် တိုကျိုတက္ကသိုလ် ခန့်အပ်မည်

**တိုကျို နိုဝင်ဘာ ၂၇**

လာမည့် ခြောက်နှစ်အတွင်း အမျိုးသမီးပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ၃၀၀ ကျော် ခန့်အပ်မည်ဖြစ်ကြောင်း တိုကျိုတက္ကသိုလ်က ပြောကြားသည်။

တိုကျိုတက္ကသိုလ်သည် ၂၀၂၇ ဘဏ္ဍာနှစ်တွင် ၄င်း၌ရှိ အမျိုးသမီးဆရာမ ရာခိုင်နှုန်းကို ၂၅ ရာခိုင်နှုန်း ထက်မနည်းတိုးမြှင့်ရန် ရည်ရွယ်ကြောင်း၊ သို့သော်ယခုနှစ်မေလအထိအမျိုးသမီးဆရာမပမာဏမှာ ၁၆ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်းသိရသည်။ အဆိုပါတက္ကသိုလ်သည် ၂၀၂၈ ခုနှစ် မတ်လကုန် ဘဏ္ဍာနှစ်အထိ အမျိုးသမီးပါမောက္ခ ၁၄၁ ဦးနှင့် အမျိုးသမီးတွဲဖက်ပါမောက္ခ ၁၆၅ ဦး ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါပမာဏသည် အမျိုးသမီးဆရာမ အရေအတွက် ခန့်အပ်သမျှထဲတွင် အများဆုံးဖြစ်ကြောင်း တက္ကသိုလ်တာဝန်ရှိသူများက ပြောကြားသည်။



စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် စစ်တမ်းတစ်ခုအရ ဂျပန်နိုင်ငံ၌ အဆင့်မြင့်ပညာရေးတွင် ဆရာမအရေအတွက်မှာ အနည်းဆုံး ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားငလျင်ဒဏ်သင့်သူများအတွက် အိမ်သစ်များ ဆောက်လုပ်ပေးမည်

**ဂျကာတာ နိုဝင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ဂျာဗားပြည်နယ်၌ ငလျင်ဒဏ်သင့်သူများအတွက် ပိုမိုလုံခြုံသည့်နေရာသစ်တွင် အိမ်ရာပေါင်းများစွာ ပြန်လည်တည်ဆောက်ရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိကြောင်း နိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာအေဂျင်စီ၏ အကြီးအကဲဖြစ်သူက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ပြည်သူ့ဆောက်လုပ်ရေးနှင့် ပြည်သူ့အိမ်ရာဝန်ကြီးဌာနက ဆောင်ရွက်သော ၂ ဟက်တာရှိသည့် မြေပြင်၌ အိမ်အသစ်များ ဆောက်လုပ်ခြင်းကို လာမည့်သီတင်းပတ်တွင် စတင်မည်ဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လျော့ပါးရေးအေဂျင်စီ၏ အကြီးအကဲဖြစ်သူ ဆာဟာရန်တိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ငလျင်ကြောင့် အိမ်များ ကြီးကြီးမားမား ပျက်စီးခဲ့သည့် ငလျင်ဒဏ်ခံရသူများကို နေရာပြောင်းရွှေ့ခြင်းတွင် ဦးစားပေးမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ နေရာသစ်တွင် စုစုပေါင်းအိမ်ခြေ ၂၀၀ ကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း စီအန်ဂျာခရိုင် အုပ်ချုပ်ရေးမှူး ဟာမန် ဆူဟာမန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အစိုးရသည် ငလျင်လှုပ်မှုကြောင့် အိမ်အသင့်အတင့်ပျက်စီးသူများကို ရူပီယာ ၂၅ သန်းနှင့် အိမ်အနည်းငယ်ပျက်စီးသူများကို ရူပီယာ ၁၀ သန်းပေးမည်ဖြစ်ကြောင်း ဆာဟာရန်တိုက ဆက်လက်ပြောကြားသည်။ ဂျာဗားပြည်နယ်၌ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ငလျင်လှုပ်မှုကြောင့် နိုဝင်ဘာ ၂၇ ရက်အထိ သေဆုံးသူ ၃၂၁ ဦး ရှိလာပြီဖြစ်ကြောင်း ၄င်းကပြောသည်။

**ဆင်ဟွာ**

# လစ်ဗျားနိုင်ငံ ထရီပိုလီမြို့၌ မာရသွန်အပြေးပြိုင်ပွဲကျင်းပ

**ထရီပိုလီ နိုဝင်ဘာ ၂၇**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၌ နိုဝင်ဘာ ၂၆ ရက်က ငါးကြိမ်မြောက် မာရသွန်အပြေးပြိုင်ပွဲ ကျင်းပခဲ့သည်။ ငြိမ်းချမ်းရေးအတွက် ယှဉ်ပြိုင်ခြင်းဟူသောခေါင်းစဉ်အောက်တွင် ပြိုင်ပွဲဝင်ပေါင်း ၁၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

လစ်ဗျား၊ တူနီးရှား၊ မော်ရိုကို၊ နိုင်ဂျီးရီးယား၊ တူကီယဲ၊ ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့မှ အပြေးသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပထမ ဆုရှင်မှာ အမေရိကန်ဒေါ်လာ ၁၁၁၉ ဒေါ်လာရရှိခဲ့ကြောင်း မာရသွန်ကော်မတီမှ အကြီးအကဲဖြစ်သူ အဗ္ဗဒယ် ဟာမက် ရှာဘတ်က ပြောသည်။

ပါဝင်ယှဉ်ပြိုင်ကြသူများကို လေယာဉ်လက်မှတ်၊ စမတ်ဖုန်း၊ အားကစားအကျီနှင့် ငွေသားဆုများ ချီးမြှင့်ပေးခဲ့ကြောင်း ၄င်းက ဆက်ပြောသည်။ ၂၁ ကီလိုမီတာ အပြေးပြိုင်ရခြင်းဖြစ်ပြီး ပန်းတိုင်ရောက်အောင်ပြေးရန် သုံးနာရီခန့် ကြာမြင့်ကြောင်း ၄င်းက ဆက်ပြောသည်။

**ဆင်ဟွာ**


အပြေးသမားတစ်ဦး ပန်းဝင်ပြီးနောက် အောင်ပွဲခံစဉ်။

# ပါကစ္စတန်၌ သုံးပတ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် လူ ၂၀ သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု တိုးလာသောကြောင့် သုံးပတ်အတွင်း နိုင်ငံ၏ ပြည်နယ်အများအပြားတွင် အဆိုပါရောဂါကြောင့် သေဆုံးသူ ၂၀ ထက်မနည်းရှိကြောင်း ဒေသတွင်း ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည်။

ယခုအခါ အရှေ့ပိုင်းပန်ဂျပ်ပြည်နယ်၌ သေဆုံးသူ ၁၅ ဦးရှိပြီး တောင်ပိုင်းဆင်းဒ်ပြည်နယ်၌ သေဆုံးသူ သုံးဦးနှင့် အနောက်မြောက်ပိုင်း ခီဘာပခ်ွါတွန်ခွာပြည်နယ်၌ သေဆုံးသူ နှစ်ဦးရှိကြောင်း နိုဝင်ဘာ ၂၅ ရက်တွင် အာဏာပိုင်များက ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပန်ဂျပ်ပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ လေးဦးရှိသဖြင့် ယခုနှစ်တွင် ပြည်နယ်အတွင်း သေဆုံးသူပေါင်း ၄၅ ဦးရှိကာ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၄၈၇ ဦး ရှိပြီဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ပြောကြားသည်။

ဆင်းဒ်ပြည်နယ်၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကူးစက် ခံရသူသစ် ၁၀၄ ဦးရှိကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ပြောကြားသည်။ ယခုရောဂါ ကူးစက်မှုသစ်များအပါအဝင် ပြည်နယ်အတွင်း ရောဂါကူးစက်ခံရသူပေါင်း ၂၂၀၃၈ ဦးရှိကာ သေဆုံးသူပေါင်း ၆၁ ဦး ရှိပြီဖြစ်သည်။ မြို့တော် အစ္စလာမ္မာဘတ်၌ ရောဂါကူးစက်ခံရသူသစ် လေးဦးရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယခုနှစ်အတွင်း မြို့တော်တွင် ရောဂါကူးစက်ခံရ သူပေါင်း ၅၃၇၈ ဦးရှိကာ သေဆုံးသူပေါင်း ၁၁ ဦး ရှိပြီဖြစ်သည်။

**ဆင်ဟွာ**

# တိုကျို၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၀၃၄၆ ဦး ထပ်မံတွေ့ရှိ

**တိုကျို နိုဝင်ဘာ ၂၇**

တိုကျိုမြို့၌ နိုဝင်ဘာ ၂၇ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၀၃၄၆ ဦး ထပ်မံတွေ့ရှိ ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ အရေအတွက်မှာ ပြီးခဲ့သည့် သီတင်းပတ်ကထက် ၂၅၆၉ ဦး ထပ်တိုးလာခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၌ နေ့စဉ်ကူးစက်မှုနှုန်းမှာ တစ်ပတ်ထက် တစ်ပတ် မြင့်မားလာခဲ့သည်။ တိုကျိုမြို့၌ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ဦးရေမှာလည်း ခြောက်ဦး ထပ်တိုးလာခဲ့သည်။ ရောဂါပြင်းထန်သည့်အတွက် အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်ထားရသူ ၁၇ ဦးရှိသည်။ ရောဂါပြင်းထန်သည့် လူနာအရေအတွက်မှာ နိုဝင်ဘာ ၂၆ ရက်ကထက် လျော့ကျလာသည်။

တစ်နိုင်ငံလုံးအနှံ့ ရောဂါကူးစက်ခံရသူ ၉၈၄၇၆ ဦး တိုးလာခဲ့ပြီး သေဆုံးသူ ၁၄၂ ဦးရှိကြောင်း သိရသည်။ နိုဝင်ဘာ ၁၆ ရက်က တိုကျိုမြို့တွင် နောက်ထပ် ကူးစက်ခံရသူ ၁၃၅၆၉ ဦးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အီတလီနိုင်ငံ၌ မြေပြိုမှုကြောင့် တစ်ဦးသေဆုံး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေ

**ရောမ နိုဝင်ဘာ ၂၇**

အီတလီနိုင်ငံတောင်ပိုင်း အစ်ရှီရာ ကျွန်းပေါ်၌ မြေပြိုမှုကြောင့် လူ တစ်ဦး သေဆုံးပြီးနောက် နိုဝင်ဘာ ၂၇ ရက်က ပျောက်ဆုံးနေသူများကို အီတလီကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

ကက်ဆက်မီချီယိုလာ တာမီလ်မြို့ငယ်လေးသို့ နိုဝင်ဘာ ၂၆ ရက်တွင် မြေပြိုမှုကြောင့်ရွှံ့နွံများနှင့်အတူ အပျက်အစီးများ စီးမျောလာခဲ့ပြီး နေအိမ်တစ်လုံးထက်မနည်း ပျက်စီးခဲ့သည်။ ကားများလည်း ပင်လယ်အတွင်းသို့ မျောပါခဲ့သည်ဟု ဒေသခံမီဒီယာများတွင် ဖော်ပြကြသည်။ အသက် ၃၁ နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ အလောင်းကို ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့်လူ ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နိုဝင်ဘာ ၂၆ ရက် အစောပိုင်းတွင် ပျောက်ဆုံးနေသူအချို့ရှိပြီး ၄င်းတို့ထဲမှ အချို့ကို အသက်ရှင်လျက် ပြန်တွေ့ခဲ့သည်။ ပြန်တွေ့သူများထဲတွင် မွေးကင်းစကလေးငယ်တစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ဂျော်ဂျီရာမယ်လိုနီကလည်း ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့သည်။ အဆိုပါသဘာဝဘေးနှင့် ပတ်သက်၍ နိုဝင်ဘာ ၂၇ ရက်တွင် အရေးပေါ် အစည်းအဝေး ခေါ်ယူခဲ့ကြောင်း ၄င်းကပြောသည်။ မိုးနှင့် လေပြင်းများကြောင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။

**အေအက်ဖ်ပီ**


ရွှံ့နွံများကြောင့် ပျက်စီးနေမှုများကို တွေ့ရစဉ်။

# ယူဂန္ဒာနိုင်ငံ၌ အီဘိုလာဖြစ်ပွားမှု အချက်အချာကျသည့် ခရိုင်နှစ်ခုကို အသွားအလာကန့်သတ်မှု သက်တမ်းတိုး



ကျန်းမာရေးဝန်ထမ်းတစ်ဦးက အီဘိုလာရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ကမ်ပါလာ နိုဝင်ဘာ ၂၇

**အီဘိုလာရောဂါဖြစ်ပွားမှု အချက်အချာကျသည့်ခရိုင် နှစ်ခုကို အသွားအလာကန့်သတ်မှု ရက်သတ္တ ခြောက်ပတ်အထိ နိုဝင်ဘာ ၂၆ ရက်တွင် ယူဂန္ဒာသမ္မတက သက်တမ်းတိုးလိုက်ကြောင်း သိရသည်။**

ယူဂန္ဒာနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၁၄၁ ဦးရှိပြီး ၅၅ ဦးသေဆုံးကြောင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုကို ဖြတ်တောက်ထားနိုင်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ စက်တင်ဘာ ၂၀ ရက်က အီဘိုလာရောဂါ ကူးစက်မှုဖြစ်ပွားကြောင်း ကြေညာချက်ထုတ်ပြန်ပြီးကတည်းက အီဘိုလာရောဂါသည် ယူဂန္ဒာနိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိပြီး မြို့တော်ကမ်ပါလာအထိပင် ရောက်ရှိလာကြောင်း သိရသည်။ သို့သော်လည်း ရောဂါကူးစက်မှုနှုန်း ကျဆင်းလာကြောင်း ကျန်းမာရေး အာဏာပိုင်များက ယခုသီတင်းပတ်တွင် ပြောသည်။

အီဘိုလာရောဂါကူးစက်မှုအများဆုံးဖြစ်သည့် မူဘန်ဒီနှင့် ကက်စ်ဆန်ဒါခရိုင်နှစ်ခုကို ၂၁ ရက်ကြာ အသွားအလာကန့်သတ်မှုကို သမ္မတ ယိုဝါရီ မူဆီဗင်နီက အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။ ထို့အပြင် နိုဝင်ဘာ ၅ ရက်တွင်လည်း နောက်ထပ် ၂၁ ရက်ကြာ အသွားအလာကန့်သတ်မှုကို ဆက်လက်ထုတ်ပြန်ထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ စံနှုန်းအရ ၄၂ ရက်ဆက် ထပ်မံကူးစက်ခံရသူ မရှိမှသာလျှင် ရောဂါဖြစ်ပွားမှု အဆုံးသတ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၂ ရက်အထိ အီဘိုလာရောဂါ ကူးစက်မှုမရှိသည်မှာ မြို့တော်ကမ်ပါလာတွင် ကိုးရက်၊ မူဘန်ဒီခရိုင်တွင် ၁၀ ရက်နှင့် ကက်စ်ဆန်ဒါခရိုင်တွင် ၁၂ ရက်ရှိပြီဖြစ်ကြောင်း ယူဂန္ဒာ၏ ဒဗလျူအိတ်ချ်အိုရုံးက နိုဝင်ဘာ ၂၄ ရက်တွင် ပြောသည်။**အေအက်ဖ်ပီ**

## ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး ဗလာဒီမာ မီခီ ရုတ်တရက် သေဆုံး



မင့်စ် နိုဝင်ဘာ ၂၇

နိုဝင်ဘာ ၂၆ ရက် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံခြားရေးဝန်ကြီး ဗလာဒီမာမီခီသည် အသက် ၆၄ နှစ်အရွယ်တွင် ရုတ်တရက် သေဆုံးသွားကြောင်း သိရသည်။

ပြောရေးဆိုခွင့်ရှိသူ အနာတိုလီ ဂလက်ဇ်က နောက်ထပ်အသေးစိတ်များကို ဖော်ပြခြင်းမရှိဘဲ ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မီခီသည် ၂၀၁၂ ခုနှစ်ကတည်းက နိုင်ငံခြားဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်ဟု ဆိုသည်။

သမ္မတ လူကာရှန်ကိုက မီခီ၏ မိသားစုဝင်များအား ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်ဟု သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ မီခီသည် နိုဝင်ဘာ ၂၈ ရက်တွင် ဘယ်လာရုစ်နိုင်ငံ၏ မြို့တော် မင့်စ်၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လာဗရော့ပ်နှင့် တွေ့ဆုံသွားရန် စီစဉ်ထားသည်ဟု ဆိုသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျပြီး ငါးဦး သေဆုံး

**ဆိုးလ် နိုဝင်ဘာ ၂၇**

တောင်ကိုရီးယားနိုင်ငံ ဂန်ဝန်ပြည်နယ် ယန်ယန်အရှေ့ဘက် ကမ်းရိုးတန်းဒေသတွင် နိုဝင်ဘာ ၂၇ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားပြီး ငါးဦးသေဆုံးကြောင်း ယွန်ဟက်သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

မီးငြိမ်းသတ် ပြီးနောက် မီးသတ်အာဏာပိုင်များက ရုပ်အလောင်းငါးခုကို တွေ့ရှိခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ရဟတ်ယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ပျက်ကျပြီး ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားကြောင်း ယွန်ဟက် သတင်းဌာနက ပြောသည်။

ဆော့ခ်ခို၊ ဂိုဆွန်းနှင့် ယန်ယန်စသည့် ဒေသအစိုးရများက ပူးပေါင်းငှားရမ်းထားသောအဆိုပါ ရဟတ်ယာဉ်သည် တောမီးလောင်မှုကို ကာကွယ်ရန် စစ်ဆေးဆောင်ရွက်မှုပြုလုပ်စဉ် ထိုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **ဆင်ဟွာ**



ရဟတ်ယာဉ်ပျက်ကျရာနေရာ၌ ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## တာလီဘန်တို့၏ အုပ်ချုပ်မှုအောက်တွင် အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရဆဲဖြစ်

**ကဘူးလ် နိုဝင်ဘာ ၂၇**

တာလီဘန်တို့က အာဖဂန်နစ္စတန်ကို ထိန်းချုပ်လိုက်ပြီဟု ကြေညာပြီးသည့်နောက် တစ်နှစ်ကျော်ကြာသည်အထိ အာဖဂန်ရှိပြည်သူများမှာ အကြမ်းဖက်ခြိမ်းခြောက်မှု အန္တရာယ်နှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် တာလီဘန်တို့က မြို့တော်ကဘူးလ်ကို သိမ်းယူခဲ့ပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းခဲ့သည်။

သို့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများမှာ အဆုံးသတ်မသွားခဲ့ပေ။ အိုင်အက်စ် အဖွဲ့ဝင်ဟောင်းတစ်ဦးက ၎င်းတို့သည် တာလီဘန်တို့ကို ဖြုတ်ချပြီး ပြည်သူများ၏ ထောက်ခံမှုရရှိရန် ကြိုးပမ်းနေသည်ဟု အင်န်အိတ်ချ်ကေသို့ပြောသည်။ အိုင်အက်စ် အဖွဲ့ဝင်ငွေကြေးနှင့် ပစ္စည်းများရှိသဖြင့် အလုပ်လက်မဲ့ ဆင်းရဲသားများမှာ အိုင်အက်စ်အဖွဲ့အတွင်းသို့ ဝင်ရောက်လာနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။



ဂါဇနီမြို့လမ်း၌ သွားလာနေသည့် အာဖဂန်အမျိုးသမီးများကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်မှာ ဥပဒေမဲ့ဇုန်ဖြစ်နေသည်ဟု ကမ္ဘာကြီးက ရှုမြင်ရန် အိုင်အက်စ်တို့သည် အရပ်သားများကို သတ်ဖြတ်နေခြင်းဖြစ်သည်ဟု တာလီဘန် သတင်းအရင်းအမြစ်က ပြောသည်။ အိုင်အက်စ်များကို ဖမ်းဆီးပြီး တရားရေးနှင့်ရင်ဆိုင်စေမည်ဟု အဆိုပါ သတင်းအရင်းအမြစ်က ပြောသည်။ ဆောင်းတွင်းသို့ ချဉ်းကပ်လာပြီဖြစ်ပြီး စီးပွားရေးမှာလည်း ယိုင်နဲ့နေသည့်အတွက် အာဖဂန်ပြည်သူများ လက်နက်ကိုင်လာနိုင်ကြောင်းနှင့် အကြမ်းဖက်မှုများ များပြားလာနိုင်ကြောင်း ပတ်ရှ်ဝါတက္ကသိုလ်မှ တွဲဖက်ပါမောက္ခဖြစ်သူ ဆရက် အာဖန်အက်ရှရက်ဖ် က သတိပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၃၂၆ ဦး တွေ့ရှိပြီး ၂၃ ဦး သေဆုံး



**မနီလာ နိုဝင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၂၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၃၂၆ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၀၃၃၆၈၂ ဦးအထိ ရှိလာပြီ ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ ၁၈၄၈၂ ဦး ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၃ ဦးရှိသည့်အတွက် စုစုပေါင်း သေဆုံးသူ ၆၄၅၉၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။

လူဦးရေ ၁၃ သန်းကျော်နေထိုင်သည့် နိုင်ငံ၏ မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၅၇ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများ ပိုမိုလိုအပ်နေတဲ့ အင်္ဂလန်




ဗြိတိန် စက်မှုလုပ်ငန်း ကွန်ဖက်ဒရေးရှင်း၏ နှစ်ပတ်လည်ညီလာခံအစည်းအဝေးတွင် ဝန်ကြီးချုပ် ရီရှီဆူနက်ခ်ကို တွေ့ရစဉ်။

**နွယ်နီလင်း**

ဗြိတိန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှု တိုးမြင့်လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆုတ်ယုတ်လာခြင်းတို့ကို ရင်ဆိုင်နေရသောကြောင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများ ပိုမိုလိုအပ်နေကြောင်း နိုင်ငံ၏အဓိက စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုက နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဗြိတိန်၏ ဒုတိယအကြီးဆုံးမြို့တော် ဘာမင်ဂမ်တွင်ကျင်းပသည့် ဗြိတိန်စက်မှုလုပ်ငန်း ကွန်ဖက်ဒရေးရှင်း၏ နှစ်ပတ်လည် ညီလာခံအစည်းအဝေးအပြီးတွင် ထိုသို့သုံးသပ်ချက်မျိုး ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဂျယ်ရီမီဟန့်က အများပြည်သူဘဏ္ဍာရေးကဏ္ဍကို မြှင့်တင်ရန်နှင့် နိုင်ငံ၏စီးပွားရေးအရ ယုံကြည်စိတ်ချရမှုကို ပြန်လည်ထူထောင်ရန်အတွက် ဗြိတိန်ပေါင် ၅၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံ) တန်ဖိုးရှိ အခွန်တိုးမြှင့်မှုနှင့် အသုံးစရိတ် ဖြတ်တောက်မှုအစီအစဉ်ကို ပြီးခဲ့သည့်အပတ်အတွင်းက ကြေညာခဲ့ပြီးနောက် ဝန်ကြီးချုပ် ရီရှီဆူနက်ခ်က ဗြိတိန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုဒဏ်ကြောင့် စီးပွားရေးကျဆင်းနေကြောင်း ဝန်ခံပြောကြားလိုက်သည်။

ဗြိတိန်အနေဖြင့် လာမည့်နှစ်နှစ်အတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သော်လည်း ၎င်း၏ ဘတ်ဂျက်အစီအစဉ်သစ်က ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် စီးပွားရေးကို ပိုမို အားကောင်းလာစေရန်အတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဂျယ်ရီမီဟန့်က ဆိုသည်။

**နည်းလမ်းရှာမရသေး**

"ငွေကြေးဖောင်းပွမှုကို ဘယ်လိုတိုက်ဖျက်ရမလဲဆိုတာ ကျွန်တော်တို့သိပါတယ်။ စီးပွားရေးထိခိုက်ကျဆင်းမှုကို ဘယ်လိုတိုက်ဖျက်ရမလဲဆိုတာလည်း ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် ဒီနှစ်ခုစလုံးကို တစ်ပြိုင်တည်း ဘယ်လို တိုက်ဖျက်ရမလဲဆိုတာကိုတော့ ကျွန်တော်တို့ နည်းလမ်းရှာမရသေးပါဘူး" ဟု ဝန်ကြီးချုပ် ဆူနက်ခ်က ဘာမင်ဂမ်တွင် ကျင်းပခဲ့သည့် ဗြိတိန်စက်မှုလုပ်ငန်း ကွန်ဖက်ဒရေးရှင်း၏ နှစ်ပတ်လည် ညီလာခံတွင် ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် အစားအသောက်နှင့် စွမ်းအင်စရိတ်များ တစ်ဟုန်ထိုး တိုးမြင့်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှု ၁၁ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိရာ ၄၁ နှစ်အတွင်း အမြင့်ဆုံးငွေကြေးဖောင်းပွမှု အခြေအနေကို ရင်ဆိုင်နေရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ပိတ်ဆို့ကန့်သတ်ချက်များကို ရုပ်သိမ်းလိုက်ပြီးနောက် ဝယ်လိုအား ပြန်လည်မြင့်တက်လာမှုနှင့်အတူ စားသုံးကုန်ဈေးနှုန်းများလည်း ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ငွေကြေး ဖောင်းပွမှုများအား ကျဆင်းရေး အစီအစဉ်များကြောင့် စီးပွားရေးလုပ်ငန်းများနှင့် လူတစ်ဦးချင်းစီအတွက် လူနေထိုင်မှုစရိတ် အကျပ်အတည်းကို ပိုမိုဆိုးရွားစေခဲ့ပြီး အတိုးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့်လည်း စီးပွားရေးထိခိုက်မှုများကိုဖြစ်ပေါ်စေခဲ့သည်။

စွမ်းအင်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းခြောက်ခုလျှင် တစ်ခုမှာ ပြိုလဲသွားနိုင်သည်ဟု ခန့်မှန်းထားသည့် သုံးသပ်ချက်ကိုလည်း နိုဝင်ဘာ ၂၂ ရက်က ထုတ်ပြန်လိုက်ရာ ဗြိတိန်နိုင်ငံ အမျိုးသားစာရင်းအင်းရုံး၏ လေ့လာမှု စစ်တမ်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

**ကုန်ထုတ်လုပ်မှု ကျဆင်းခြင်းများဖြစ်ပေါ်**

အဆိုပါစစ်တမ်းအရ စားသောက်ဆိုင်လုပ်ငန်းများ ပြိုလဲမှုသည် ယမန်နှစ်ကထက် ၆၀ ရာခိုင်နှုန်းနီးပါး တိုးလာခဲ့ကြောင်း၊ စားနပ်ရိက္ခာနှင့် စွမ်းအင်စရိတ်များ တိုးမြင့်လာသည်နှင့်အမျှ စားသောက်ဆိုင်များတွင် အထူးသဖြင့် ကျွမ်းကျင်သော စားဖိုမှူးများကဲ့သို့သော လုပ်သားရှားပါးမှုဒဏ်ကို ခံခဲ့ရပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်လည်း ကျွမ်းကျင်လုပ်သား ရှားပါးမှုဒဏ်ကြောင့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်းများဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း လောင်စာဆီဈေးနှုန်း ၁၃၀ ရာခိုင်နှုန်းနီးပါးနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထား ၆၆ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ခြင်းတို့ကြောင့် စားသောက်ကုန်အမျိုးမျိုးတွင် ဈေးနှုန်းမြင့်တက်လာပြီး ငွေကြေးဖောင်းပွမှုကို တွန်းအားပေးခဲ့ကြောင်း ဗြိတိန်နိုင်ငံ အမျိုးသားစာရင်းအင်းရုံးမှ ဘောဂဗေဒပညာရှင် ဂရန့်ဖစ်ဇ်နာက ဆိုသည်။

**ကုန်ထုတ်လုပ်မှု ကျဆင်းမှုများ ရင်ဆိုင်ခဲ့ရ**

ဗြိတိန်နိုင်ငံသည် လာမည့်နှစ်တွင် ၎င်း၏စီးပွားရေး ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပြီး ဘရီးဇစ်အရေးကြောင့် နိုင်ငံခြားရွှေ့ပြောင်းအလုပ်သမားများ နေရပ်ပြန်ကြသည့်အတွက် ကုန်ထုတ်လုပ်မှု ကျဆင်းမှုများကိုလည်း ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဗြိတိနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂမှ ထွက်ခွာလိုက်ခြင်းသည် ကုန်ထုတ်လုပ်ငန်းများအတွက် လုပ်သားရှားပါးမှုကို ဖြစ်စေသည့်အပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အားလုံးကိုလည်း ထိခိုက်စေခဲ့သည်။ ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာလာခြင်းကြောင့် ကောင်းသည့်အရာ တစ်ခုမှမရှိသည့်အတွက် ဗြိတိန်အစိုးရအနေဖြင့် အမှားကို ဝန်ခံရမည်ဖြစ်ကြောင်း ဖရစ္စဘာ့ဂ်လုပ်ငန်းစုမှ အန်ဒရူးဂိုင်းက ၎င်း၏ အမြင်သဘောထားကို အခိုင်အမာပြောဆိုသည်။

❖ **"ငွေကြေးဖောင်းပွမှုကို ဘယ်လိုတိုက်ဖျက်ရမလဲဆိုတာ ကျွန်တော်တို့သိပါတယ်။ စီးပွားရေးထိခိုက်ကျဆင်းမှုကို ဘယ်လိုတိုက်ဖျက်ရမလဲဆိုတာလည်း ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် ဒီနှစ်ခုစလုံးကို တစ်ပြိုင်တည်း ဘယ်လို တိုက်ဖျက်ရမလဲဆိုတာကိုတော့ ကျွန်တော်တို့ နည်းလမ်းရှာမရသေးပါဘူး"ဟု ဝန်ကြီးချုပ် ဆူနက်ခ်က ဘာမင်ဂမ်တွင်ကျင်းပခဲ့သည့် ဗြိတိန်စက်မှုလုပ်ငန်း ကွန်ဖက်ဒရေးရှင်း၏ နှစ်ပတ်လည်ညီလာခံတွင် ပြောကြား**

"လူတော်တော်များများက လူဝင်မှုကြီးကြပ်ရေးကို ဆန့်ကျင်ငြင်းခုံနေကြပေမယ့် ကျွန်တော်တို့ရဲ့ တိုးတက်မှုအလားအလာကို တိုးမြှင့်လာစေတဲ့ တစ်ခုတည်းသောအရာက ကုန်ထုတ်လုပ်မှုတိုးမြှင့်ဖို့ပဲ။ ရိုးရိုးသားသားပြောရရင် ဒီလိုကုန်ထုတ်စွမ်းအားတိုးမြှင့်လာဖို့အတွက်လိုအပ်တဲ့ ကျွမ်းကျင်လုပ်သားတွေ ကျွန်တော်တို့မှာ မရှိဘူး" ဟု ဗြိတိန်စက်မှုလုပ်ငန်းကွန်ဖက်ဒရေးရှင်း၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တိုနီဒန်ကာကလည်း ပြောကြားသည်။

ဝန်ကြီးချုပ် ဆူနက်ခ်ကလည်း ဗြိတိန်စက်မှုလုပ်ငန်း ကွန်ဖက်ဒရေးရှင်း၏ တရားဝင်ရွှေ့ပြောင်းအလုပ်သမားများ ပိုမိုရရှိရေး တောင်းဆိုချက်ကို အလေးထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး တရားမဝင်ရွှေ့ပြောင်းသွားလာမှုကို ထိန်းချုပ်ရန် အထူးဂရုပြုရမည်ဖြစ်ကြောင်း၊ စီးပွားရေးတည်ငြိမ်မှုကို ပြန်လည်ထူထောင်ရေးသည် အရေးကြီးဆုံး ပထမခြေလှမ်းဖြစ်သည်နှင့်အညီ မိမိတို့အနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အများအပြားရှိနေပြီး စီးပွားရေးပြန်လည်မြှင့်တင်ရန်အတွက် ဆန်းသစ်တီထွင်မှုရှိသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြင်တွေ့လိုကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**အေအက်ဖ်ပီ**




လန်ဒန်မြို့၌ ဓာတ်ငွေ့ဖိုးပေးဆောင်ထားသည့် ပြေစာနှင့် ငွေကြေးအချို့ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၂၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၄၁,၀၀၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၁၆၇) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၆၈၁) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၆၄,၇၂၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၅၆,၄၇၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၆-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၆၄,၇၂၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၅၆,၄၇၆ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ် ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၆) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# သာယာအေးမြ နတ်တော်လ

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

နတ်တော်လသည် မြန်မာပြက္ခဒိန်၏ နဝမမြောက်လဖြစ်ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ကျရောက်ကာ ရက်မစုံသောလဖြစ်၏။ နတ်တော်၏အဓိပ္ပာယ်တွင် "နတ်"ဆိုသည်မှာ "နာထ"ဆိုသောစကားမှ ဆင်းသက်လာပြီး "အကြီးအကဲ"ကို ခေါ်ဆို၏။ "တော်"ဆိုသည်ကား "မြင့်မြတ်ကြီးကျယ်ခြင်း"ဖြစ်သည်။ ထို့ကြောင့် နတ်တော်လကို "ကြီးကျယ်မြင့်မြတ်သောလ" ဟု မှတ်ယူနိုင်၏။ ထို့ပြင် နတ်တော်လတွင် နတ်တို့ပျော်မြူးလေ့ရှိ၍ "နတ်ပျော်လ" ဟု ခေါ်ဆိုရာမှ နတ်တော်လဖြစ်လာသည်ဟုလည်း ဆိုကြ၏။ ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို "နတ္တာင်၊နတ်တာဝ်" စသည်ဖြင့် အမျိုးမျိုးရေးထိုးခဲ့သည်။

နတ်တော်လကို ဗေဒင်အခေါ်အဝေါ်အားဖြင့် ဓနုရာသီဟု ခေါ်ဆိုသည်။ ဓနုဟူသောပါဠိမှာ လေးလက်နက်ကို ခေါ်ဆိုခြင်းဖြစ်၏။ ရာသီရုပ်ပုံမှာ လေးကိုဆွဲယူထားသော ယောကျ်ားသဏ္ဌာန်ဖြစ်သည်။ နဂါးဦးခေါင်းမှာ တောင်အရပ်သို့လှည့်၏။ ရက်ရာဇာတို့မှာ ဗုဒ္ဓဟူးနှင့် သောကြာတို့ဖြစ်ကြပြီး ကြာသပတေးနှင့် စနေရက်များမှာ ပြဿဒါး ရက်တို့ ဖြစ်ကြသည်။ ဟေမန္တဆောင်းရာသီသို့ ကျရောက်သောအချိန်ဖြစ်ရာ မြူမှုန်များမှာ မှိုင်းဝေလျက်ရှိပြီး အလွန်ချမ်းအေးသော ကာလဖြစ်၏။ နတ်တော်လ၏ စန်းယှဉ်သောနက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်သည်။ ထို့ကြောင့် စာဆိုရှင် ဖိုးသူတော်ဦးမင်းက "ယုဂန္ဓိုရ်တောင် မိုထိပ်ဖျား၊ ရွှေလစန္ဒီနှင့် မိဂသီရောင်ခြည်ဖျန်းတယ်၊ မြန်းတူကြွသွား"ဟူသော ဒွေးချိုးတစ်ပုဒ်ကို ကုန်းဘောင်ခေတ်တွင် စပ်ဆိုခဲ့သည်။

နတ်တော်လ၏ ရာသီပန်းမှာ သဇင်ပန်းဖြစ်၏။ ငွေနှင်းရည်ကို သောက်သုံး၍ သဇင်ပန်းများပွင့်ကြပုံကို "နှင်းသောက်ကယ်ရွှင်ရွှင်၊ ပွင့်ဖူးတွေဆင်ကြသည်၊ ရွှေပင်ဆင့် ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်၊ ဂမုန်းအင့်အဖက်၊ ဆောင်းစက်ရိပ်ခို၊ ရေတွက်လို့ဆိုတော့မည်" ဟူသော ရကန်တစ်ပုဒ်ကို စာဆိုတော်ဦးတိုးက ရေးသားခဲ့သည်။

### နတ်တော်လနှင့် မင်းမဟာဂီရိနတ်

သက္ကရာဇ် ၂၂၆ ခုနှစ် ပုဂံခေတ် သေဉ်လည်ကြောင်မင်းလက်ထက်တွင် နတ်တော်လသို့ရောက်လျှင် နတ်ကန္နားပွဲများ ကျင်းပခဲ့ကြသည်။ မိဖုရား၊ မှူးမတ်ဗိုလ်ပါများနှင့်အတူ ပုဂံပြည်သူ ပြည်သားအပေါင်းတို့သည် ပုပ္ပားတောင်သို့တက်ကာ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်အသားများ၊ သေရည်သေရက်များဖြင့် နတ်များကို ပသကြ၏။ မင်းမဟာဂီရိနတ် ပူဇော်ပွဲကိုလည်း နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိ၏။ ထိုနတ်မောင်နှမသည် ပုပ္ပားတောင်တွင် အပိုင်စားရ၏။ ပါဠိစကားအရ မဟာဆိုသည်မှာ ကြီးသောဟု အဓိပ္ပာယ်ရပြီး ဂီရိဆိုသည်မှာ တောင်ကို ဆိုလိုခြင်းဖြစ်ရာ "တောင်ပိုင်ရှင်၊ တောင်ကြီးရှင်" ဟု ခေါ်ဆိုသည်။ မင်းမဟာဂီရိနတ် ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်သည်။ တကောင်းပြည့်ရှင်လက်ထက်တွင် ခွန်အားဗလသန်မာသော ပန်းပဲလုပ်သား မောင်တင့်တယ်ဟူ၍ ရှိခဲ့ရာ ၎င်း၏တူထုသံသည် မြေကြီးပင်တုန်ခါသွားသည်ဟု ပြောစမှတ်ရှိခဲ့သည်။ တကောင်းဘုရင်သည် မောင်တင့်တယ် ပုန်ကန်ခြားနားမည်ကို စိုးရွံ့သဖြင့် ညီမဖြစ်သူကို တော်ကောက်ခဲ့သည်။ အစ်ကိုဖြစ်သူကို ပရိယာယ်ဖြင့် ခေါ်ဆောင်ကာ စကားပင်ရင်း၌မီးရှို့၍ ကွပ်မျက်လိုက်၏။ ညီမဖြစ်သူပါ မီးပုံအတွင်းသို့ ခုန်ဆင်းလေသည်။ ထိုမောင်နှမနှစ်ဦးသည် နတ်စိမ်းများဖြစ်သွားကြကာ စကားပင်၌ ခိုလှုံနေကြရ၏။ အရိပ်ခိုသူ၊ လူသူ၊ ကျွဲ၊ နွားများကို ဖမ်းစားသဖြင့် ထိုအပင်ကိုခုတ်ကာ ဧရာဝတီမြစ်အတွင်းသို့ မျှောလိုက်ရာ ပုဂံပြည်၏ မြစ်ကမ်း၌ ဆိုက်ကပ်လေသည်။ သေဉ်လည်ကြောင်မင်းက ထိုစကားပင်ကို ဆယ်ယူပြီး ပုပ္ပားတောင်သို့ ပို့ဆောင်လိုက်၏။ ပုဂံဝန်းကျင်ရှိ အိမ်တိုင်းတွင် နတ်ကွန်းငယ်များ ဆောက်လုပ်ကြကာ ကျွဲ၊ နွားအသားတို့ဖြင့် ထိုနတ်ကို ယစ်ပူဇော်ကြသည်။ ကြွင်းကျန်သော တိရစ္ဆာန်အရိုးတို့ကို ထိုနတ်ကွန်းများတွင် ချိတ်ဆွဲထားလေ့ရှိကြရာ နတ်ကိုးကွယ် ယုံကြည်မှုသည် တစ်ဖက်စွန်းသို့ရောက်လာခဲ့သည်။

ထေရဝါဒဗုဒ္ဓသာသနာပြုမင်းဖြစ်သော အနော်ရထာဘုရင်လက်ထက်တွင် ထိုအယူအဆကို တားမြစ်ခဲ့သည်။ နတ်ရုပ်တို့ကို သံကြိုးဖြင့်ချည်တွဲကာ ပုဂံရွှေစည်းခုံဘုရား တစ်နေရာ၌ စုစည်းထားစေ၏။ သို့သော် နောင်ကာလများတွင် ထိုအယူအဆ ပြန်လည်ထွန်းကားလာသည်။ သက္ကရာဇ် ၉၁၈ခု တောင်ငူဘုရင်၊ ဘုရင့်နောင်လက်ထက်တွင် အိမ်ရှေ့၌ နတ်စင်ပြုလုပ်ထားရှိမှုကို ဆုံးမအပြစ်ပေးခဲ့သည်။ ထိုအခါ နတ်စင်များကို အိမ်ခန်းအတွင်းသို့ ပြောင်းရွှေ့ထားကြရာမှ "အိမ်တွင်းမင်းမဟာဂီရိနတ်ဟူ၍" ခေါ်ဝေါ်ကြသည်။

ထိုနတ်မောင်နှမသည် မီးလောင်ကျွမ်းကာ တိမ်းပါးခဲ့ခြင်းကြောင့် အလင်းရောင်ကို မနှစ်သက်ပေ။ ခန်းဆီးအနီစဖြင့် ကာထားကြသည်။




မီးလောင်ဒဏ်ရာကို သက်သာစေရန်ဟု ရည်ရွယ်ကာ အုန်းသီးစိမ်းတို့ဖြင့် ပသကြ၏။ ယနေ့ထက်တိုင် ရှင်သန်နေဆဲဖြစ်သော ဓလေ့စရိုက်တစ်ခုဖြစ်ရာ စိတ်ဝင်စားဖွယ်ကောင်းလှသည့် ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ပေသည်။ နောက်ပိုင်းတွင် မဟာဂီရိနတ်မောင်နှမအား ပူဇော်ပသမှုသည် ဗုဒ္ဓဝါဒနှင့် မကိုက်ညီသဖြင့် တစ်စတစ်စ ကွယ်ပျောက်သွား၏။ ဒုတိယအင်းဝခေတ်ဦးပိုင်းတွင် နတ်တော်လ၌ မဟာဂီရိနတ်ပွဲအစား မဟာပိန္နဲနတ်ပွဲကို ရာသီပွဲအဖြစ် ပြောင်းလဲကျင်းပသည်ဟု ခန့်မှန်းရ၏။

### မဟာပိန္နဲနတ်ပူဇော်ပွဲ

ထိုမဟာပိန္နဲနတ်ပူဇော်ပွဲမှာလည်း ရိုးရာပွဲတစ်ခုဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာကျမ်းဂန်များအရ ဖြစ်ပေါ်လာသော ပွဲတော်မဟုတ်ပေ။ ယင်းသို့သော ပွဲတော်ကို "ဆယ်နှစ်ဖြာငယ်၊ ရာသီဓနု၊ ရွှေဟသာ်လဲ၊ တာရာဖြူလို့၊ ဇေယျူငယ်ဖြဟ္မာ၊ ဟေမန္တမို့၊ မဟာပိန္နဲနတ်မင်းပွဲမှာ ကျွေးမြဲပူဇော် လနတ်တော်ကို ရှုမျှော်တိမ်ဆီ မိဂသီလဲ၊ ခါညီမွန်းလယ် ထွန်းရောင်ခြည် ခြယ်သောအခါ၊ နတ်ရွှေဝဥကင်မှာ ဂမုန်းအင်သဇင်မင်းငယ်က သင်းလှတယ်လေး" ဟူ၍ မဟာအတုလ မင်းကြီးက လွမ်းချင်းဖြင့် မှတ်တမ်းတင်ခဲ့သည်။ မဟာပိန္နဲနတ်သည် တန်ဆောင်မုန်းလတွင် မွေးဖွား၍ အစွယ်တစ်ချောင်းရှိကြောင်း၊ ဆင်မျက်နှာနှင့်တူကြောင်း၊ လုံလက်နက်စွဲကိုင်ကြောင်း၊ ဥဒေါင်းယာဉ်ရှိကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း သက္ကတအဘိဓာန်၌ ဖွင့်ဆိုထား၏။

ရှိခဲ့သည်။ ရိတ်သိမ်းပြီးသော ရွှေဝါရောင်ကောက်လှိုင်းစည်းတို့ကို လှည်းဖြင့်တိုက်၍ မိမိတို့လုပ်ငန်းခွင်မြေတလင်းသို့ အရောက်သယ်ဆောင်လာကြ၏။ ကောက်လှိုင်းများကို ပြန့်ပြန့်ပြူးပြူးခင်းကာ ကျွဲ၊ နွားဖြင့် စပါးနယ်ရ၏။ နင်းနယ်ပြီးသော ကောက်ပြန့်များကို ကောက်ရိုးတခြား၊ စပါးတခြားဖြစ်အောင် ကောက်ဆွပေးရခြင်းကို ဆိုလိုခြင်းဖြစ်ပေသည်။

### စာဆိုတော်ပွဲ

နတ်တော်လတွင် အခြားလများနှင့်မတူသော ရာသီပွဲတော်တစ်ခုလည်း ရှိနေပါသေးသည်။ ၎င်းမှာ စာဆိုတော်ပွဲပင်ဖြစ်သည်။ စာဆိုတော်ဆိုသည်မှာ ပဒေသရာဇ်ခေတ်က တွင်ကျယ်ခဲ့သော ထီးသုံးနန်းသုံး ဝေါဟာရတစ်ခုဖြစ်၏။ ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းသား၊ ဘုရင့်သားတော်၊ သမီးတော်တို့ ဘုန်းတန်ခိုးကြီးပုံ၊ လက်ရုံးရည် နှလုံးရည်ထူးချွန်ပုံနှင့် ချောမောလှပပုံများအား ချီးကျူးဖွဲ့ဆိုသူများကို စာဆိုတော်များဟု ခေါ်ဆိုခဲ့ကြသည်။

ရှေးမြန်မာဘုရင်တို့သည် စာပြန်ပွဲကို တစ်နှစ်လျှင် တစ်ကြိမ် နယုန်လတွင် ကျင်းပကြသည်။ ထိုစာပြန်ပွဲများမှ လောကီ၊ လောကုတ္တရာကိစ္စများတွင် ထူးချွန်သောပညာရှိများ၊ နိုင်ငံရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးတို့တွင် လိမ္မာကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသော ပညာရှင်များအား မွေးထုတ်ပေးလျက်ရှိ၏။ ၎င်းပညာရှင်များအား ဘွဲ့ထူး၊ ဂုဏ်ထူးပေးအပ်ခြင်း အခမ်းအနားကို နတ်တော်လတွင် ကျင်းပလေ့ရှိသည်။ ယင်းဘွဲ့နှင်းသဘင်ပွဲမျိုးသည် စစ်သူရဲကောင်းများ၊ စာပေသူရဲကောင်းများ၊ လူရည်ချွန်များ ထွန်းပေါ်လာအောင် ဖန်တီးပေးသဖြင့် တိုင်းပြည်အတွက် အလွန်ကျေးဇူးများသော ပွဲတော်မျိုးဖြစ်သည်။ ကင်းဝန်မင်းကြီး၊ ပခန်းဝန်ကြီးတို့သည် ရဟန်းအဖြစ်မှ လူဝတ်လဲပြီးနောက် နန်းတော်သို့ရောက်လာကြပြီး အုပ်ချုပ်ရေးယန္တရားများကို ကိုင်တွယ်ရသော လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့တွင် တာဝန်ယူကြရသည်။ လေးစားဖွယ်ရာ ပါရဂူလူပြန်တော် ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ ဤအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် မျက်မှောက်ခေတ်တွင် "စာဆိုတော်နေ့" အဖြစ်သတ်မှတ်ကာ ထူးချွန်စာပေပညာရှင်များအား ဂုဏ်ပြုလျက်ရှိသည်မှာ နတ်တော်လ၏ ဂုဏ်ထူးဝိသေသတစ်ခုဟု ဆိုနိုင်ပေသည်။

စာပေသည် ယဉ်ကျေးမှုကို ဖြစ်ထွန်းစေသည့်အတွက် စာပေ၏ကျေးဇူးက ကြီးမားလှ၏။ "ကလောင်သွားသည် ဓားမြောင်သွားထက်

**ယခုခေတ်အခါတွင် နတ်တော်လ၌ နတ်ပူဇော်ပွဲနှင့် မဟာပိန္နဲနတ်ပွဲတို့ကို ကျင်းပပြုလုပ်မှု အားနည်းလာကာ နိုင်ငံတော်၏အမျိုးသားရေးဖြစ်သည့် စာဆိုတော်ပွဲကို ကျင်းပခြင်းသည် တစ်မူထူးခြား လေးနက်နေပေသည်။ စာဆိုပွဲတော်ကို ကျင်းပခြင်းအားဖြင့် မြန်မာစာပေအရေးအသားများ တိုးတက်မြင့်မားလာရ၏**

ပဒေသရာဇ်ခေတ် မြန်မာဘုရင်များ လက်ထက်တွင် ဆင်တပ်သည် ဘုရင့်တပ်မတော်တွင် အထူးအရေးကြီးသောတပ် ဖြစ်သည်။ နတ်တော်လသို့ရောက်လျှင် တောဆင်ရိုင်းများကို ကျုံးတော်သို့သွင်း၍ ကျော့ဖမ်းခြင်း ပြုလုပ်ကြသည်။ "နတ်တော်ရောက်ငြား မိုးသားမငြိမ်၊ ဆင်ရာတိမ်" ဟု ဆယ့်နှစ်လရာသီမိုးဘွဲ့တွင် စပ်ဆိုခဲ့၏။ ဆင်ဖမ်းသမားများသည် တောအတွင်း၌ ဆင်များကို လိုက်လံရှာဖွေသောအခါ ဆင်ခြေရာများကို တွေ့လျှင် သစ်ခက်ချိုးပြီး စိုက်ထောင်ထားလိုက်သည်။ မည်သည့်ခြေရာသည်အဟောင်း၊ မည်သည့်ခြေရာသည်အသစ် စသည်ဖြင့် စစ်ဆေးမှတ်သားကြသည်။ နတ်တော်လတွင် ဆင်ခြေရာတိမ်ရုံလေးပင် မိုးရွာကျတတ်သည်။ ဆင်ဖမ်းသဘင်ကျင်းပချိန်တွင် ရွာသောမိုးကို ဆင်ရာတိမ်မိုး၊ ဆင်ရာဖျောက်မိုးဟု ခေါ်ကြသည်။

အညာကျေးလက်မှ တောင်သူဦးကြီးတို့သည် ကောက်ပဲသီးနှံများကို နတ်တော်လတွင် ရိတ်သိမ်းကြသည်။ သီးနှံများ အသိမ်အဖျင်းမပါရှိစေဘဲ အဆန်အောင်စေရန်အတွက် ထမင်းဖြူ၊ မုန့်ဆီကြော်ဖြူ/နီ၊ ငါးခြောက်ကြော်များဖြင့် ယာခင်းစောင့်နတ်တင်မြှောက်ခြင်းကို "ယာသမုတ်တင်သည်" ဟု ခေါ်ဆိုကြသည်။ "နတ်တော်မုန့်လုံး၊ ဆင်ချေးတုံး" ဟူ၍ အဆိုရှိခဲ့ရာ နတ်တော်လသို့ရောက်လျှင် ကောက်ညှင်းများ လှိုင်လှိုင်ပေါ်သဖြင့် မုန့်လုံးများကို ပြုလုပ်ကြသည်မှာ ဆင်ချေးတုံးပမာ ကြီးမားလှပြီး ရပ်ထဲရွာထဲသို့ ပေးဝေကြ၏။

"နတ်တော်လရောက် ကောက်ဆွပေါက်" ဟုလည်း ဆိုစကားထက်သည်" ဆိုသော စကားအရ စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် ထူးချွန်ထက်မြက်သော အရည်အသွေးများကို ရရှိစေနိုင်၏။ အသိအလိမ္မာဟူသမျှကို စာပေမှ ရရှိနိုင်သည်။ စာဆိုတော် ရှင်မဟာရဋ္ဌသာရက "စာပေစကား၊နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်" ဟူ၍ ရေးသားခဲ့၏။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စာဆိုတော်များအား စာပေ ဗိမာန်စာမူဆု၊ အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆု စသည်တို့ကို နှစ်စဉ်နတ်တော်လ ရောက်တိုင်း ချီးမြှင့်ပေးလျက်ရှိသည်။

ယခုခေတ်အခါတွင် နတ်တော်လ၌ နတ်ပူဇော်ပွဲနှင့် မဟာပိန္နဲနတ်ပွဲတို့ကို ကျင်းပပြုလုပ်မှု အားနည်းလာကာ နိုင်ငံတော်၏ အမျိုးသားရေးဖြစ်သည့် စာဆိုတော်ပွဲကို ကျင်းပခြင်းသည် တစ်မူထူးခြား လေးနက်နေပေသည်။ စာဆိုပွဲတော်ကို ကျင်းပခြင်းအားဖြင့် မြန်မာစာပေ အရေးအသားများ တိုးတက်မြင့်မားလာရ၏။ "စာပေမြင့်မှ လူမျိုးမြင့်မည်" ဆိုသည့် စကားအတိုင်း စာပေအနုပညာရပ်များ တိုးတက်မြင့်မားမှသာ ပြည်သူများသည် ဗဟုသုတအသိပညာများ သိရှိလာကာ ထိုတိုင်းပြည် သည်လည်း စည်ပင်ဝပြောပေလိမ့်မည်။ တောင်သူဦးကြီးတို့သည် ကောက်ပဲသီးနှံများ ရိတ်သိမ်းချိန်ဖြစ်ရာ ဝမ်းသာပီတိဖြစ်ကြရပြီး မြေကြီးမှ ရွှေသီးသောလဖြစ်သည်။ ရာသီဥတုမှာလည်း သာယာအေးမြလျက်ရှိရာ "သာယာအေးမြ နတ်တော်လ" ဟု တင်စားရေးသားလိုက် ရပေတော့သည်။ ။

**ကိုးကား- မြကေတု၏ နန်းဓလေ့မှတ်တမ်းများ**

# သမိုင်းဝင် ကျိုက်ဖျဉ်ကူ စေတီတော်မြတ်ကြီးအတွက် ရွှေဆိုင်းသင်္ကန်းများ ကပ်လှူ



**နေပြည်တော် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမတောင်ရိုးတန်းတွင် တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းဘုရား ၁၆ ဌာန သမိုင်းဝင် ဆံတော်ရှင်များ ကိန်းဝပ်စံပယ်တော်မူသော စေတီတော်များအနက်မှ သမိုင်းဝင် ကျိုက်ဖျဉ်ကူ စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ပြန်လည်တင်လှူ ပူဇော်နိုင်ရန်အတွက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ရွှေဆိုင်းသင်္ကန်းများ ကပ်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက်ဖျဉ်ကူ စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ရွှေဆိုင်းသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာ တရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျိုက်ဖျဉ်ကူ စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့တွင် ရွှေဆိုင်းများ ကပ်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ သမိုင်းဝင် လေးကျွန်းသစ္စာရှင်နဂါးမောက် စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားများ ခိုလှုံရာရိပ်သာ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနရိန္ဒထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။ ထို့နောက် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ အပတ်စဉ် စတုဒိသာ ကျွေးမွေးနေမှုကို အားပေးကြည့်ရှုကြသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် သမိုင်းဝင် ကျိုက်ဖျဉ်ကူစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ပြန်လည် တင်လှူပူဇော်ခြင်းကို လာမည့် ၂၀၂၃ ခုနှစ် ပြာသိုလပြည့်နေ့တွင်လည်းကောင်း၊ သထုံမြို့နယ်ရှိ အလံတစ်ရာ စေတီတော် ထီးတော်တင်လှူခြင်းကို တပို့တွဲလပြည့်နေ့တွင်လည်းကောင်း၊ သထုံရွှေစာရံစေတီတော် ထီးတော်တင်လှူခြင်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းကို တပေါင်းလပြည့်နေ့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်နှင့် ပခန်းကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်း ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင် ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာ ကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ အနန္တဂုဏ်ရည် ကျောင်းတိုက်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက် တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝင်္ဂဘာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အာသောကာရာမကျောင်းတိုက် နှင့် ပြည်ကြီးတံခွန် မြို့နယ်ရှိ မြဘယက် သာမဏေကျော် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဗောဓိရတနာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မဟာဝိဇိတာရာမ ကျောင်းတိုက် **(ဝဲပုံ)** တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ဟိန်းမြို့၌ အကြိမ် (၂၀) မြောက် မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ကွန်ဟိန်း နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၌ အကြိမ် (၂၀) မြောက် မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက စေတီတော် မုခ်ဦးရှေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အကြိမ် (၂၀) မြောက် မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို စစ်ဗျူဟာအဖွဲ့(အခြေချ)၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးမင်းလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ ဘုရားဂေါပကဥက္ကဋ္ဌ ဦးစိုင်းပန်းစိန် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြသည်။ ယင်းနောက် အကြိမ် (၂၀) မြောက် မဟာကမ္ဘောဇ ပြည်ငြိမ်းအေးစေတီဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနား မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြ၍ မုခ်ဦးရှေ့မှ မဟာကမ္ဘောဇစေတီတော်ခြေရင်းအထိ ရွှေမိုးငွေမိုးများ ရွာသွန်းခဲ့ကြသည်။ ထို့နောက်တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များမှ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။



အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ စစ်ဗျူဟာအဖွဲ့ (အခြေချ)၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးမင်းလတ်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်ငူခရိုင်အတွင်းရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ပူဇော်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့နေ တောင်ငူနယ်သားများဖြင့် ဖွဲ့စည်းထားသော တောင်ငူအသင်း (ရန်ကုန်) ၏ အသင်းနာယက ဦးရဲအောင်၊ အတွင်းရေးမှူး ဦးသန်းထွဋ်နှင့် အလုပ်အမှုဆောင်အဖွဲ့များသည် နိုဝင်ဘာ ၂၇ ရက်က တောင်ငူခရိုင်အတွင်းရှိ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ဆက်ကပ်ပူဇော်ပွဲ ပြုလုပ်သည်။

အုတ်တွင်းမြို့နယ်ရှိ ပေါက်ကုန်းကျေးရွာ၊ ကန်ကလေးပေါက်ကုန်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဘဒ္ဒန္တဝါယမ၊ ညောင်ပင်ကြီးကျေးရွာ ဗောဓိရတနာစာသင်တိုက် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တကေသရ၊ တောင်ငူမြို့ (၁၃) ရပ်ကွက်ရှိ စတုဘုမ္မိကမဂ္ဂင်ကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရ ဘဒ္ဒန္တသုန္ဒရ၊ အောင်မင်္ဂလာမိုးကုတ်ရိပ်သာ ကျောင်းတိုက်မှ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဘဒ္ဒန္တစန္ဒေါသာရ၊ (၆) ရပ်ကွက်၊ သီတာရုံစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တပါရဂူ ပဏ္ဍိတဆရာတော် **(အောက်ပုံ)** တို့ကို ဂုဏ်ပြုဘွဲ့လက်မှတ်၊ သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေကျပ် သုံးသိန်းစီတို့ကို ဆက်ကပ်လှူဒါန်းသည်။ **ကျော်လှ (တောင်ငူ)**



## သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာ လူထုအားကစားလအကြို စုပေါင်းလမ်းလျှောက်လှုပ်ရှားမှု ပါဝင်ဆင်နွှဲ

မော်လမြိုင် နိုဝင်ဘာ ၂၇

**ကျန်းမာရေးဝန်ကြီးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် နံနက်စောစောထ လမ်းလျှောက်ခြင်းဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဆောင်းရာသီတွင် ကျင်းပလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလအကြို မော်လမြိုင်မြို့ တောင်ဝိုင်းတောင်တက် စုပေါင်းလမ်းလျှောက်လှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။**



အဆိုပါ စုပေါင်းလမ်းလျှောက် အားကစားလှုပ်ရှားမှုသည်ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင် ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် စုပေါင်းလမ်းလျှောက်လှုပ်ရှားမှုကို ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ သိပ္ပံလေ့ကျင့်ရေးကျောင်း (မော်လမြိုင်)မှ ကျောင်းသား ကျောင်းသူများ၊ အားကစားစိတ်ပါဝင်စားသူ အင်အား ၃၀၀ ကျော်ခန့်သည် စုရပ်ဖြစ်သည့် တောင်ဝိုင်းတောင်တက် ကားလမ်း၏ အဝင်မုခ်ဦးထိပ်မှ စတင်ပြီး တောင်ဝိုင်းတောင်ပေါ်ရှိ ငြိမ်းချမ်းသစ္စာနိမိန္ဓ မျက်ရှင်တော် စေတီတော်မြတ် ရင်ပြင်တော်အနီးသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး တောင်ဝိုင်းတောင်ပေါ်၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲ

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၇ ရက်က ကွင်းသုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံအသင်း နိုင်ပွဲရယူပြီး ချန်ပီယံဆုရယူနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက မြဝတီကို အနိုင်ယူကာ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် သစ္စာအားမာန်အသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာရခဲ့သဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းမှာမူ ဂိုးကွာခြားချက်ကြောင့် ပထမဆုံးအကြိမ် ချန်ပီယံဆုရယူနိုင်မည့် အခွင့်အရေးလက်လွှတ်ခဲ့ရသည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် အား/ကာသိပ္ပံအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို မြဝတီအသင်းမှာလည်း ယခုပွဲအနိုင်ရပါက ဒုတိယနေရာရရှိမည် ဖြစ်သောကြောင့် အကောင်းဆုံး တုံ့ပြန်ကစားခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း အခွင့်အရေးများအသုံးမချနိုင်သဖြင့် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင်ရရှိသည့် ပယ်နယ်တီမှတစ်ဆင့် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ဂိုးစတင်ရရှိသည့် အား/ကာ သိပ္ပံအသင်းသည် စိတ်ဓာတ်တက်သွားပြီး ဒုတိယပိုင်းတွင် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဒုတိယဂိုးကို ၄၉ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့သည်။




၂၀၂၂ မြန်မာအမျိုးသမီးလိဂ်ချန်ပီယံ အား/ကာသိပ္ပံအသင်း ဗိုလ်စွဲစဉ်။

အား/ကာဦးစီးဌာနအသင်းက တနင်္သာရီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ YREO အသင်းက Young Lionesses အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၂ ပွဲကစား ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၃၁ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ပြီး သစ္စာအားမာန်အသင်းက ၃၁ မှတ်ဖြင့် ဒုတိယ၊ မြဝတီအသင်းက ၂၆ မှတ်ဖြင့် တတိယရရှိပြီး အား/ကာဦးစီးဌာနအသင်းက ၁၈ မှတ်၊ YREO အသင်းနှင့် Young Lionesses အသင်းတို့က ကိုးမှတ်စီရရှိကာ တနင်္သာရီအသင်းမှာမူ ၁၂ ပွဲစလုံး အရေးနိမ့်ပြီး အမှတ်မရရှိခဲ့ပေ။ သစ္စာအားမာန်အသင်းသည် ဂိုးကွာခြားချက်ကြောင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံနှင့် မြဝတီအသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရ ခင်မာလာထွန်း (အား/ကာသိပ္ပံ) ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ တတိယဆုရ မြဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုရ သစ္စာအားမာန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၂၀၊ ပထမဆုရ အား/ကာသိပ္ပံအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၅၀ နှင့် ဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-သော်ကြီး**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ကောင်းဇော်ထွန်းသည် ၎င်းအသုံးပြုသည့် "Kaung Zaw Tun" Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဂျေမန် သည် ၎င်းအသုံးပြုသည့် "J Mann" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီပိုကရေစီဆိုရာဝယ်
- **၀၉:၁၀** စိုက်ပျိုးရေးရာ အမြေရှာ
- **၀၉:၄၅** နယ်ချဲ့သက်ရှည်ကျန်းမာဖို့ ကိုယ်လက်လှုပ်ရှား ကစားကြပါစို့
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** Economic Review
- **၁၁:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း "ဆောင်းဒိုင်ယာကိုကတို့ အိမ်ပြန်ချိန်"
- **၁၂:၃၀** 2022 World Cup Hightlignt (8)
- **၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၁၄)
- **၁၃:၃၀** MRTV National News
- **၁၅:၃၀** ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်များ
- **၁၆:၁၅** ၂၀၂၂ခုနှစ်၊(၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာ ကပွဲဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** ၂၀၂၂ခုနှစ်၊(၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာ ကပွဲဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- **၂၀:၀၀** ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** 2022 World Cup Hightlignt (8)
- **၂၁:၁၀** ၂၀၂၂ခုနှစ်၊(၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာ ကပွဲဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

**mitv**

- **07:01** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- **07:08** A Visit to Yangon's Coastal Area
- **07:27** Artistic Values & Aesthetic Traditions
- **07:50** Mote Khwe Late from Intaing Village
- **08:01** News
- **08:27** ASEAN Women Entrepreneurship: Philippines
- **08:39** Sri Ksetra, Field of Fortune & Glory (Part-1)
- **09:01** Nature's Progeny Town: December Garden
- **09:25** Farming: Duck Breeder
- **09:36** Discovering Tribes: Taung Yoe (Their Life and Customs)
- **09:26** Mahavihara: From Forest Monastery to Dhamma-Vinnya University
- **10:01** News
- **10:27** Topical Topics
- **10:32** Children's Delight: National Library for Children (Never Too Late to Le
- **10:50** Wedding Planner (Aye Thida Win Aung)
- **11:02** Shopping with Torch-Lights
- **11:08** Myanmar Paper Toys

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တွေမြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာ နှာခေါင်းပလွေမှုတ်

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အသဲကျန်းမာရေး

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)

**"ဝ" (၁၅:၀၀)မှ(၁၇:၀၀)ထိ**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ကချင် (၁၇:၀၀)မှ (၁၉:၀၀)ထိ**
မနောအလှ

**ကယား (၁၉:၀၀)မှ(၂၁:၀၀) ထိ**
လန်းဆန်းပျော်ရွှင်ရေလမ်းကြောင်းခရီးစဉ်

**စကောကရင် (၂၁:၀၀)မှ (၂၂:၀၀)ထိ**
ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၂၂:၀၀)မှ(၂၃:၀၀)ထိ**
ပုသိမ်ထီးလုပ်ငန်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** ရွှေရတုတိပိဋက စကျွပါလမျက်စိဆေးရုံ
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၁၅** ကာတာကမ္ဘာ့ဖလား(Highlights)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၄၅** ကာတာကမ္ဘာ့ဖလား (ပွဲကြိုသုံးသပ်ချက်)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၄၅** သတင်းသမားပြောတဲ့ သတင်းစကား

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အတုမှန်းသိလျက်လက်ရှိထားမှု"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၁)
- **၁၁:၀၀** တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး
- **၁၁:၃၀** "အတွေးအမြင်" အပိုင်း(၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
- **၀၇:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၀၇:၅၅** နိုင်ငံတကာနည်းပညာ တို့လယ်တောမှာကျင့်သုံးပါ
- **၀၈:၀၀** အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
- **၀၈:၂၀** တောင်သူကိုယ်တိုင်ဖန်ဆင်း စပါးမျိုးစေ့ထုတ်စိုက်ခင်း
- **၀၉:၂၀** ပန်းနေကြာ
- **၀၉:၄၀** ရေကိုချွေတာသုံးစွဲခြင်းနည်းပညာ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** SPORTS NEWS
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၁၅:၂၀** 2022 World Cup Hightlignt / ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ သက်ကြီးပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အသက် ၇၅ နှစ်အထက် အဖွဲ့ဝင် သတင်းထောက်ကြီးများအား သက်ကြီးပူဇော် ကန်တော့ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့နာယက မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် (အငြိမ်းစား) ဦးရဲမြင့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က မှာကြားစကားပြောကြားသည်။ ထို့နောက် ပူဇော်ကန်တော့ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (သန်လျင်)က ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးတင်ဝင်းလေး (ကြည့်မြင်တိုင်)က ငွေစာရင်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်သတင်းထောက်များကိုယ်စား ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး-တာချီလိတ်)က မှာကြားစကားပြောကြားပြီး သက်ကြီးသတင်းထောက်ကြီးများ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)နှင့် ဦးဆိုက်ကျင် (သုံးခွ) တို့အား နေအိမ်များသို့ သွားရောက်ကာ ကန်တော့ငွေများနှင့် ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ အစည်းအဝေး ပြုလုပ်ကြောင်း သိရသည်။

**အာကာလင်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁၁ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၆၉၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၆၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၃၉၀ ကျပ် | ၂၄၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၈၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၇၀၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၀၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၉ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၃ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၇၄၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ |
|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၈၄၀ |
| MTSH | ၃၃၅၀ | ၃၄၀၀ | ၇၄၁ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၆၇ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၆၅ |
| TMH | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၀၀ |
| AHP | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## Twitter တွင် အရောင်သုံးမျိုးဖြင့် အမှန်ခြစ်အမှတ်အသားများ အသုံးပြုသွားမည်

ရန်ကုန် နိုဝင်ဘာ ၂၇

လူမှုကွန်ရက် Twitter တွင် သုံးစွဲသူအစစ်အမှန်များကို စိစစ်အတည်ပြုပေးသည့် အပြာရောင်အမှန်ခြစ် အမှတ်အသားအပြင် ရွှေရောင်နှင့် မီးခိုးရောင်တို့ကိုပါ ထပ်တိုး၍ အရောင်သုံးမျိုးဖြင့် အမှန်ခြစ် အမှတ်အသားများ အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။




ပြီးခဲ့သည့် လအတွင်းက Twitter ကို ကမ္ဘာ့အချမ်းသာဆုံးသူဌေး အီလွန်မက်စ် ဝယ်ယူလိုက်ပြီးနောက် အပြာရောင် အမှန်ခြစ်အမှတ်အသားကို လစဉ်ကြေး ရှစ်ဒေါ်လာပေးဆောင်မှ ရယူနိုင်ရန် သတ်မှတ်ခဲ့ရာ လစဉ်ကြေးပေး၍ အမှန်ခြစ်ရယူသော အသုံးပြုသူအတုများ အများအပြား ရှိလာခဲ့သည်။ ထို့ကြောင့် လစဉ်ကြေးဖြင့် အပြာရောင်အမှန်ခြစ် သတ်မှတ်ပေးသည့် အစီအစဉ်ကို ရပ်ဆိုင်းခဲ့ရပြီး အပြာရောင် အမှန်ခြစ်အကောင့်များကို ဖယ်ရှားပစ်ခဲ့ရသည်။ ထို့နောက် ဒီဇင်ဘာလ ပထမပတ်အတွင်းမှစ၍ အမှန်ခြစ် အရောင်သုံးမျိုး အသုံးပြုမည့် အစီအစဉ်သစ်ကို အီလွန်မက်စ်က နိုဝင်ဘာ ၂၅ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ပြောင်းလဲသုံးစွဲမည့် အရောင်သုံးရောင်တွင် ရွှေရောင်ကို ကုမ္ပဏီများအတွက်၊ မီးခိုးရောင်ကို အစိုးရ အဖွဲ့အစည်းများအတွက်နှင့် မူရင်းအပြာရောင်ကို သာမန် ဆိုရှယ်မီဒီယာအကောင့် တစ်ခုချင်းစီအတွက် သတ်မှတ်သွားမည် ဖြစ်သည်။

ထို့ပြင် အယောင်ဆောင် သုံးစွဲသူအတု ပြဿနာများကို ဖြေရှင်းနိုင်ရန် ထပ်မံအတည်ပြုပေးမည့် အမှန်ခြစ်အမှတ်အသားများအတွက် အထောက်အထားများကို ယခင်ကကဲ့သို့ ကွန်ပျူတာ AI စနစ်ဖြင့် စိစစ်သည့်အစား ဝန်ထမ်းများက လူကိုယ်တိုင် စိစစ်သည့်စနစ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း အီလွန်မက်စ်က ၎င်း၏ Twitter စာမျက်နှာတွင် ရေးသားခဲ့သည်။

အဆိုပါ အမှန်ခြစ် သုံးမျိုးအတွက် မည်သို့ လစဉ်ကြေးပေးဆောင်ရမည်ဆိုသည့် အချက်ကိုမူ ထုတ်ဖော်ကြေညာခြင်းမရှိသေးဘဲ လာမည့်အပတ်အတွင်း ပို၍ အသေးစိတ် ရှင်းလင်းသွားမည် ဖြစ်ကြောင်းကိုသာ အီလွန်မက်စ်က ရေးသားထားသည်။

**ကိုစိုး**

**ကိုးကား - theverge.com**

## MPT4U အက်ပလီကေးရှင်းကို ဝေမျှပေးခြင်းဖြင့် ဆုငွေရရှိမည့် ပရိုမိုးရှင်းအစီအစဉ် ပြုလုပ်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

MPT ဆင်းကတ်များကို သုံးနေသူများအနေဖြင့် MPT သုံးသူအချင်းချင်းကြား MPT4U အက်ပလီကေးရှင်းကို အသုံးပြုစေရန် မျှဝေပေးခြင်းဖြင့် မျှဝေပေးသူရော လက်ခံသူပါ ဆုငွေကျပ် ၂၀၀၀ စီ ရရှိနိုင်မည့် ရှဲပြီးယူ ပရိုမိုးရှင်းအစီအစဉ်ကို MPT က ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုအစီအစဉ်အရ MPT4U အက်ပလီကေးရှင်းကို အသုံးပြုနေသူများက MPT ဆင်းကတ်သုံးသော်လည်း MPT4U အက်ပလီကေးရှင်းကို တစ်ကြိမ်မှ မသုံးဖူးသေးသည့် မိတ်ဆွေများအား အက်ပလီကေးရှင်းကို အသုံးပြုရန် ဖိတ်ခေါ်ရမည်ဖြစ်သည်။ အက်ပလီကေးရှင်းကို အသုံးပြုနေသူများအနေဖြင့် MPT4U အက်ပလီကေးရှင်းထဲတွင် မိမိတို့၏ ဖိတ်ခေါ်စာ link ကို ထုတ်ယူနိုင်ပြီး ထို Link ကို အခြား MPT အသုံးပြုသူများထံ ပေးပို့ခြင်းဖြင့် ဖိတ်ခေါ်နိုင်မည်ဖြစ်သည်။ ဖိတ်ခေါ်ခံရသူက ထို Link မှတစ်ဆင့် အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဆွဲ၍ အက်ပလီကေးရှင်းတွင် Login ဝင်လိုက်ပြီးသည်နှင့် ဖိတ်ခေါ်သူရော ဖိတ်ခေါ်ခံရသူနှစ်ဦးလုံးသည် လက်ဆောင်အဖြစ်ကျပ် ၂၀၀၀ စီကို ရရှိမည်ဖြစ်သည်။

ဖိတ်ခေါ်စာပို့ရာတွင် MPTဆင်းကတ် အသုံးပြုသူဖြစ်ပြီး MPT4U အက်ပလီကေးရှင်းကို တစ်ခါမှ မသုံးဖူးသူများကိုသာ ဖိတ်ခေါ်စာပေးပို့နိုင်မည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ခံရသူသည် MPT4Uကို အသုံးပြုဖူးသူဖြစ်ပါက ဖိတ်ခေါ်စာပို့၍ရမည်မဟုတ်ဘဲ Error မက်ဆေ့ပြမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်သူအတွက် ပေးပို့ဖိတ်ခေါ်ခြင်း အရေအတွက် ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

ရရှိသည့် ဆုလက်ဆောင် ကျပ် ၂၀၀၀ ၏ သက်တမ်းမှာ ငါးရက်ဖြစ်ပြီး အဆိုပါဆုငွေဖြင့် MPTဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုရန်/စာတိုပေးပို့ရန်အတွက် သုံးသလောက်ပေးနှုန်းထားဖြင့် အသုံးပြုနိုင်ကြောင်း၊ ပက်ကေ့ချ်ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်၍မရကြောင်း၊ ဖိတ်ခေါ်စာပေးပို့သူအနေဖြင့် ဆုလက်ဆောင်များကို အရေအတွက်အကန့်အသတ်မရှိ ရယူနိုင်သော်လည်း ဆုများ၏ သက်တမ်းမှာ တစ်ဆုချင်းစီအတွက် ငါးရက်သာဖြစ်ပြီး ထပ်တိုးရရှိသည့်ဆုများအတွက် သက်တမ်းများ ပေါင်းစည်းသွားမည်မဟုတ်ကြောင်း သိရသည်။ MPT အနေဖြင့် အဆိုပါ ပရိုမိုးရှင်းအစီအစဉ်ကို အောက်တိုဘာ ဒုတိယပတ်အတွင်းကပင် စတင်ပြုလုပ်ထားခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ပြုလုပ်လျက်ရှိကာ အစီအစဉ်သက်တမ်းမှာ MPT မှ ထပ်မံ မကြေညာမီအထိဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

***New product***

## တရုတ်နိုင်ငံမှာ စတင်ရောင်းချတော့မယ့် Honor 80 နဲ့ 80 Pro စမတ်ဖုန်းသစ်များ

**Honor 80 နဲ့ 80 Pro စမတ်ဖုန်းသစ်တွေဟာ Snapdragon chipset နဲ့ ၁၆၀ မဂ္ဂါပစ်ဇယ် ကင်မရာတွေ အပါအဝင် ဟာ့ဒ်ဝဲတွေအမြင့်တွေကို အသုံးပြုထားတဲ့ စွမ်းရည်မြင့် တန်ဖိုးမြင့်ဖုန်းတွေ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဈေးကွက်အတွင်းမှာ နိုဝင်ဘာ ၂၃ ရက်က စတင်မိတ်ဆက်ပြသခဲ့ပြီး ဒီဇင်ဘာ ၂ ရက်မှာ စတင်ရောင်းချတော့မှာဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာတော့ ရောင်းချခြင်းမရှိသေးသလို ပြည်တွင်းဈေးကွက်ထဲကို ဝင်ရောက်လာမယ့်အချိန်ကိုလည်း မသိရသေးပါဘူး။ မရောင်းချခင်ကတည်းက ဈေးကွက်အတွင်းမှာ ကြိုတင်စိတ်ဝင်စားမှုတွေရရှိခဲ့တဲ့ ဖုန်းမော်ဒယ်သစ်တွေဖြစ်တဲ့အတွက် Honor 80 နဲ့ 80 Pro ဖုန်းတွေရဲ့ အဓိကကျတဲ့အချက်တချို့ကို ဖော်ပြလိုက်ပါတယ်။**



| | Honor 80 Pro | Honor 80 |
|---|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၇၈ လက်မ | ၆ ဒသမ ၆၇ လက်မ |
| မျက်နှာပြင်အမျိုးအစား | OLED, 120Hz, HDR | OLED, 120Hz, |
| Resolution | 1224 x 2700 pixels | 1080 x 2400 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 12, Magic UI 7 | Android 12, Magic UI 7 |
| Chipset | SM8475 Snapdragon 8+ Gen 1 (4 nm) | Snapdragon 782G (6 nm) |
| CPU | Octa-core (Cortex-X2 & A710 & A510) | Octa-core (Cortex-A78 & A55) |
| GPU | Adreno 730 | Adreno 642L |
| RAM နှင့် မင်မိုရီ | 8/256, 12/256, 12/512 (မင်မိုရီကတ်စိုက်၍မရ) | 8/256, 12/256, 12/512 (မင်မိုရီကတ်စိုက်၍မရ) |
| ပင်မကင်မရာ | 160 + 50 + 2 MP (Triple Camera) | 160 + 8 + 2 MP (Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 50 + 2 MP (Dual Camera) | 32 MP(wide) |
| USB | Type-C 2.0, On-The-Go | Type-C 2.0, On-The-Go၏ |
| ဘက်ထရီ | Li-Po 4800 mAh | Li-Po 4800 mAh |
| အားသွင်းစနစ် | 66W အမြန်အားသွင်းစနစ် | 66W အမြန်အားသွင်းစနစ် |

Honor ဖုန်းတွေဟာ ဟွာဝေးရဲ့ တံဆိပ်ခွဲဖြစ်ပေမယ့် ဟွာဝေးလို ပိတ်ဆို့မှု မခံထားရတာကြောင့် Android စနစ်နဲ့ Google Service တွေကို အသုံးပြုနိုင်တာက ဟွာဝေးထက် ပိုကောင်းတဲ့ အားသာချက်ဖြစ်သလို အခုမိတ်ဆက်တဲ့ Honor 80 နဲ့ 80 Pro ဖုန်းနှစ်မျိုးလုံးဟာလည်း Google Service တွေကို သုံးနိုင်မှာ ဖြစ်ပါတယ်။ မျက်နှာပြင်အောက် လက်ဗွေရာစနစ်၊ Virtual proximity Sensor စနစ်နဲ့ စတီရီယိုစပီကာတွေ ပါဝင်ခြင်းကလည်း အားသာချက်တွေဖြစ်ပါတယ်။ တရုတ်နိုင်ငံအတွင်းမှာ ကြေညာထားတဲ့ ဈေးနှုန်းတွေကတော့ Honor 80 ရဲ့ RAM နဲ့ မင်မိုရီအနိမ့်ဆုံး 8/256 ဟာ ၂၆၉၉ ယွမ် ကျသင့်မှာဖြစ်ပြီး 80 Pro ရဲ့ 8/256 က ၃၄၉၉ ယွမ် ကျသင့်မှာဖြစ်ပါတယ်။ RAM နဲ့ မင်မိုရီပမာဏ ပိုများရင် ဈေးနှုန်း ပိုမြင့်မှာဖြစ်ပါတယ်။

Honor အနေနဲ့ Honor 80 စီးရီးထဲက တန်ဖိုးနည်းဖုန်းအနေနဲ့ Honor 80 SE ကိုလည်း တစ်ရက်တည်း မိတ်ဆက်ပြသခဲ့ပြီး SE ကတော့ ဒီဇင်ဘာ ၉ ရက်မှာ စရောင်းမှာဖြစ်ပါတယ်။ 80 SE ဟာ ဈေးနှုန်းပိုင်းမှာ အနည်းငယ်ပိုသက်သာပေမယ့် MediaTek Chipset ကို သုံးထားတာ၊ ကင်မရာပိုင်းဟာ ၆၄ မဂ္ဂါပစ်ဇယ်ပဲရှိတာ၊ ဘက်ထရီပိုင်းမှာလည်း 4600 mAh ဘက်ထရီကိုပဲ အသုံးပြုထားတာ စတဲ့အချက်တွေကြောင့် စွမ်းဆောင်ရည်ပိုင်းမှာ Honor 80 နဲ့ 80 Pro တို့ထက် အတော်လေး နိမ့်နေတဲ့အတွက် စိတ်ဝင်စားမှုနည်းနေတာ တွေ့ရပါတယ်။

**ကျော်ဇင်ဦး**

## Nothing Phone 1 အတွက် အန်းဒရွိုက် ၁၃ အပ်ဒိတ် လာမည့်နှစ်ဆန်းတွင်ရရှိနိုင်

Nothing Phone 1 အတွက် အန်းဒရွိုက် ၁၃ အပ်ဒိတ် စမ်းသပ်နေခြင်းကို မကြာမီရပ်ဆိုင်းကာ လာမည့်နှစ်ဆန်းပိုင်းတွင် အပ်ဒိတ်ဗားရှင်းကို ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အန်းဒရွိုက် ၁၃ ဗားရှင်းသစ် စတင်ထွက်ရှိချိန်က Nothing Phone 1 အနေဖြင့် အပ်ဒိတ်ပေးရန် အဆင်မပြေမှုများကြောင့် ၂၀၂၃ နှစ်လယ်အထိ အပ်ဒိတ်ပေးရန် အသင့်ဖြစ်မည်မဟုတ်ကြောင်း ကုမ္ပဏီဘက်က ထုတ်ဖော်ပြောဆိုခဲ့သော်လည်း နိုဝင်ဘာ ၂၃ ရက်တွင် ကုမ္ပဏီ၏ စီအီးအို Carl Pie က လာမည့်နှစ်ဆန်းပိုင်းမှာပင် အပ်ဒိတ် ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ပြောင်းလဲပြောဆိုခဲ့ခြင်းဖြစ်သည်။

Carl Pie သည် Twitter တွင် မကြာသေးမီက Nothing Phone 1 ၏ ပုံတစ်ပုံကိုလည်း ပြသခဲ့ရာ ထိုပုံတွင် အန်းဒရွိုက် ၁၃ ကိုအခြေခံသည့် Nothing OS 1.5.0 ကို အသုံးပြုထားကြောင်း ပြသထားသည်။ လက်ရှိအချိန်တွင် အပ်ဒိတ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ခြင်းမရှိသေးပေ။

**ကျော်ဇင်ဦး**



# ရွှေရတုသက်တမ်း “စာအုပ်စာပေ လူ့မိတ်ဆွေ” ဆောင်းပုဒ်

**ညွန့်ဟံ(ကြူတော)**

**“စာမတတ်လို့ စာကိုသင်၊ စာကိုသင်မှ မိုက်မှန်းသိ” ဆိုသည့် ဆရာကြီးမင်းသုဝဏ်တို့လက်ထက်က အမှတ်အသားသည် ခေတ်မတိမ် နည်းမှီရဆဲဖြစ်လေသည်။ စာမတတ်ခဲ့သဖြင့် စာသင်တတ်မြောက် စာဖတ်နိုင်သည့်အခါ တစ်ချိန်က မိုက်မှားခဲ့သည်တို့ကို နောင်တရကြောင်း ရိုးရှင်းစွာ ဆိုပေသည်။ တစ်ချိန်က ကိုလိုနီစနစ်ကြောင့် မြန်မာများ စာမတတ်ခဲ့ရသည်ကို အတော်ပင် ကုစားခဲ့ရသည်။ အထူးသဖြင့် ၁၉၇၀ ဝန်းကျင်တွင် လူတိုင်းစာတတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် နိုင်ငံတစ်ဝန်း ကြိုးပမ်းခဲ့ပေရာ အောင်မြင်မှုရသည့်အပြင် နိုင်ငံတကာဆုကိုပါ နှင်းအပ်ခြင်းခံရသည်။**

စာတတ်ခြင်း၊ စာဖတ်ခြင်း စာပေ၌ မွေ့လျော်ခြင်းအသုံးချစာပေတွင် မြှုပ်နှံခြင်း စသည်တို့ကား ဆက်စပ်ပေသည်။ ထိုအစုအစဉ်များကို မြန်မာနိုင်ငံက ဖြတ်ကျော်နိုင်ခဲ့သည်။ ယခုအခါ ပုံနှိပ်မီဒီယာလောက၌ ခေတ်မီနည်းပညာဖြင့် အရည်အသွေးကောင်းစာအုပ်တွေ ဒုနှင့်ဒေး ပေါ်ထွက်နေပေသည်။ ပြုစုသူ၊ တည်းဖြတ်သူ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ စာပေလေ့လာသူတို့၏ ဟန်ချက်ညီညွတ်ခြင်းရလဒ်ဟု ဆိုရန်ရှိလေသည်။

၁၉၇၀ ကမ္ဘာ့အခြေအနေကို ပြန်ကြည့်ပါက လူဦးရေတိုးတက်နှုန်းနှင့် စာအုပ်ထုတ်ဝေရေး အချိုးအစား ကွာဟသည်ဟု ဆို၏။ ထိုစဉ်က အာရှအာဖရိက၊ လက်တင်အမေရိက စသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ ၂၀ ရာခိုင်နှုန်းမျှသာ စာအုပ်ဖတ်ရှုခွင့်ရကြပြီး ဖွံ့ဖြိုးပြီး နိုင်ငံများတွင်မူ စာဖတ်သည့်အလေ့အထလျော့နည်းကြသည်ဟု ဆိုသည်။ ထို့ကြောင့် လူတိုင်းစာဖတ်သည့် အလေ့အထ ပျိုးထောင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စဉ်းစားလာသည်။ စာအုပ်စာပေတန်ဖိုးကို သိမြင်ပြီး သုတ၊ ရသနယ်ပယ်၌ မွေ့လျော်ခွင့် ဖန်တီးရန်ဖြစ်၏။

## နိုင်ငံတကာစာအုပ်နှစ်

သို့ဖြင့် ၁၉၇၀ ပြည့်နှစ်ကပင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး(ယူနက်စကို)က ၁၉၇၂ ခုနှစ်ကို နိုင်ငံတကာ စာအုပ်နှစ်အဖြစ် ပြဋ္ဌာန်းခဲ့သည်။ စာပေလှုပ်ရှားဖွံ့ဖြိုးရေး ဦးတည်ချက်ဖြစ်ရာ မြန်မာနိုင်ငံကလည်း နိုင်ငံတကာစာအုပ်နှစ် အမျိုးသားကော်မရှင်အဖွဲ့အစည်းက ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။ အရှိန်အဟုန်ကောင်းပြီး အောင်မြင်မှု ကြီးမားခဲ့လေသည်။ ထိုအချိန်က ပညာရေး၊ ပြန်ကြားရေး၊ စာပေရေး၌ ထင်ရှားသူတို့၏ အားမာန်ကိုလည်း တွေ့ရပေရာ တတ်စွမ်းသမျှ တင်ပြချင်ပါ၏။

နိုင်ငံတကာစာအုပ်နှစ် (International Books Year 1972)အတွက် ယူနက်စကိုမှ ပြဋ္ဌာန်းသည့် ဆောင်ပုဒ်မှာ Books For All ဖြစ်လေသည်။ ယင်းဆောင်ပုဒ်ကို စာအုပ်နှစ် စီစဉ်အကောင်အထည်ဖော်သည့် ကော်မရှင်က ဘာသာပြန်ဆို လှုံ့လပြုစေသည်။ မည်သူမဆို ဘာသာပြန်နိုင်ကြောင်း၊ ဆုကြေးကျပ် ၁၀၀ ဖြစ်ကြောင်း၊ ထို့ပြင် ပိုစတာပြိုင်ပွဲအတွက် ကျပ် ၃၀၀ ဖြစ်ကြောင်း ထုတ်ပြန်သည်။

စာရေးသူသည် ထိုစဉ်က စာပေနယ်တွင် ဝင်ဆံ့မှု မရှိသေးသော်လည်း စိတ်ဝင်စားမိသည်။ မူရင်းဆောင်ပုဒ်က အက္ခရာသုံးလုံး၊ အဓိပ္ပာယ်က လွယ်ကူသည်။ လက်တွေ့စိတ်ထဲက ဘာသာပြန်ကြည့်၏။ တိုက်ရိုက်ဖြစ်စေ၊ ဆီလျော်အောင်ဖြစ်စေ၊ ပြန်ဆိုနိုင်သည်ဟု ဆိုသော်လည်း ထိမိ၏။ ဉာဏ်ရည်ဉာဏ်သွေးက လိုက်မမီ၊ စိတ်ကူးထဲက ပြန်ဆိုချက်က ပေါ်လွင်မှုမရှိ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

ယင်းအချိန်တွင် ဆုရဆောင်ပုဒ်အမည် ထုတ်ပြန်သည်။ “Books For All စာအုပ်စာပေ လူ့မိတ်ဆွေ” ဟူ၍ ဖြစ်လေသည်။ အလွန်ပင်ဆီလျော်လှ၏။ ပြန်ဆိုသည့်သူက မြန်မာ့သစ်လုပ်ငန်းမှ ဦးမောင်မောင်ဆိုသူ ဖြစ်ကြောင်း

**❑ ယင်းအချိန်တွင် ဆုရဆောင်ပုဒ်အမည် ထုတ်ပြန်သည်။ “Books For All စာအုပ်စာပေ လူ့မိတ်ဆွေ” ဟူ၍ ဖြစ်လေသည်။ အလွန်ပင် ဆီလျော်လှ၏။ ပြန်ဆိုသည့်သူက မြန်မာ့သစ်လုပ်ငန်းမှ ဦးမောင်မောင်ဆိုသူဖြစ်ကြောင်း မှတ်သားရသည်။ ယခုတိုင် ခိုင်မာသောဆောင်ပုဒ်၊ ရှေ့အဖို့၌လည်း အသုံး တွင်ကျယ်နေမည်ဟု ခန့်မှန်းရသည်။ ယခုဆိုလျှင် ဆောင်ပုဒ် သက်တမ်းမှာ (၁၉၇၂-၂၀၂၂) ဖြစ်လေရာ နှစ်ငါးဆယ် ရွှေရတု တိုင်ပေပြီ**

မှတ်သားရသည်။ ယခုတိုင် ခိုင်မာသောဆောင်ပုဒ်၊ ရှေ့အဖို့၌လည်း အသုံးတွင်ကျယ်နေမည်ဟု ခန့်မှန်းရသည်။ ယခုဆိုလျှင် ဆောင်ပုဒ်သက်တမ်းမှာ (၁၉၇၂-၂၀၂၂) ဖြစ်လေရာ နှစ်ငါးဆယ် ရွှေရတုတိုင်ပေပြီ။


၁၉၇၂ ခုနှစ် နိုင်ငံတကာစာအုပ်နှစ် လိုဂိုမှာ ဖြန့်ထားသည့် စာအုပ်ပေါ်တွင် အားကောင်းမောင်းသန် အမျိုးသားနှစ်ဦး ညီညာစွာ လက်ဆန့်တန်းနေပုံဖြစ်၏။ ယင်းလိုဂိုဖြင့် စာအုပ်များစွာ ထွက်ခဲ့ကြောင်း စာအုပ်လောကမှတ်တမ်း လှန်လှောခြင်းဖြင့် သိနိုင်ပေသည်။

## ပညာလောကစာစောင်

နိုင်ငံတကာ စာအုပ်နှစ် ၁၉၇၂ အတွက် ပညာရေးဝန်ကြီးဌာနက ပညာလောကစာစောင်ကို သတ်မှတ်သည့်လိုဂိုဖြင့် အထူးထုတ်ဝေပေရာ အမှတ်ရဆဲဖြစ်၏။ ယင်းစာအုပ်ထဲမှ ပညာရေးနှင့် ပြင်ပ ပညာရှင်ကြီးများ၏ စာအုပ်စာပေ စူးစမ်းသုတေသနပြုစာတမ်းများကား လေးနက်၏။ ခေတ်အဆက်ဆက် နည်းမှီရ၏။ အချို့အမည်အရည်ကို တင်ပြပါသည်။ ဆရာကြီး ဦးသန်းဦး၏ **“လူသားအားလုံး အကျိုးအတွက် စာအုပ်”**၊ ဦးဘလှအောင်၏ **“စာအုပ်ဟူသည်”**၊ တက္ကသိုလ်ထင်ကြီး၏ **“ပုံနှိပ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ”**၊ ပါမောက္ခဦးမောင်မောင်ကြီး၏ **“မြန်မာစာပုံနှိပ်ထုတ်ဝေမှု”**၊ ဦးသော်ကောင်း၏ **“စာအုပ်အကြောင်း နိဒါန်း”**၊ မောင်ထင်၏ **“မြန်မာနိုင်ငံသတင်းစာ သမိုင်းအညွှန်း”**၊ ဦးသန်းထွတ်(တိုက်စိုး)၏ **“မြန်မာနိုင်ငံစာကြည့်တိုက်စာရင်း”**၊ ဦးထင်ကြီး၏ **“အမှောင်ခွင်းနေသော စာပေဗိမာန်”**၊ ဦးမြင့်ကြွယ်၏ **“မြန်မာနိုင်ငံနှင့် နိုင်ငံတကာစာအုပ်နှစ်”** စသည်တို့ဖြစ်၏။ ရှားပါးအကြောင်းရပ်များကို Books For All အဖြစ် ရှုမြင်ရပါ၏။ ထိုအချိန်က စာပေလှုပ်ရှားမှုများက အံ့မခန်းဖြစ်သည်။ စာရေးသူသည် စာပေဘာသာရပ် အဓိကဘွဲ့ကြိုကာလဖြစ်ရာ လှုပ်ရှားမှုစာတမ်းဖတ်ပွဲများ၊ ပြခန်းများဆီသို့ နေ့စဉ်ရောက်ခဲ့သည်။

ထူးခြားသည့် ဖြစ်စဉ်ရှိခဲ့သည်။ နိုင်ငံတကာစာအုပ်နှစ် ၁၉၇၂ ကျင်းပရက်လျာထားမှုဖြစ်၏။ ထိုနှစ် ဒီဇင်ဘာ ၆ ရက်သည် စာဆိုတော်နေ့ ကျရောက်သည်။ ယင်းနေ့ကို ဗဟိုပြုလျက် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပခြင်းဖြစ်သည်။ ရဟန်းရှင်လူ ပြည်သူ၊ ကျောင်းသား များစွာသော စာပေချစ်သူတို့၏ပွဲ ဖြစ်လေသည်။

**“စာအုပ်စာပေ လူ့မိတ်ဆွေ”** ဆောင်ပုဒ်အတွက် စာအုပ်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက လှုပ်ရှားမှုအများဆုံး ပြုလုပ်ခဲ့သည့် ဂျူဗလီဟော၌ ကျင်းပသော စာတမ်းဖတ်ပွဲများက ထူးခြားထင်ရှားပေသည်။ “ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာဆောင်းပါး၊ ပြဇာတ်၊ ဘာသာပြန်၊ ပန်းချီစာအုပ်သရုပ်ဖော်၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ စာဖတ်သူ စသည့် ဘာသာရပ် ၁၈ မျိုးကို ပညာရှင် ၃၆ ဦးက သုတ၊ ရသစုံလင်စွာ ဖတ်သည်။ မေးမြန်းဖြေကြားခြင်းပြုကာ စာအုပ်သုံးတွဲ ထုတ်ဝေခဲ့ရာ ယခုတိုင် အားထားမှီငြမ်းရဆဲ၊ အသုံးပြုရဆဲ ဖြစ်လေသည်။



ဦးဖိုးကျား

ကွယ်လွန်သူ အမျိုးသား ပညာဝန် ဦးဖိုးကျား၏ လက်ရေး။

အက္ခရာအကြောင်းအရာ ပုံစံများနှင့်တကွ သရုပ်ဖော်ပြထားသော “မြန်မာ အက္ခရာ ထုပ္ပတ်” စာအုပ်။

နိုင်ငံတကာ စာအုပ်နှစ် အထိမ်းအမှတ်အဖြစ် စာပေဗိမာန်က ထုတ်ဝေလိုက်သည့် “မြန်မာနိုင်ငံ စာပေဆုများ” စာအုပ်။

စာရေးသူ မှတ်မှတ်ရရ သိမ်းဆည်းထားဆဲ၊ နည်းမှီဆဲဟု ဂုဏ်ယူစွာ ပြောလိုပေသည်။

## လက်ရေးစာမှတ်တမ်းပြပွဲ

ထို့ပြင် အင်ဗွိုင်းခန်းမ၌ကျင်းပသော စာအုပ်ဓာတ်ပုံ၊ လက်ရေးစာမှတ်တမ်းပြပွဲက ထူးခြားပါ၏။ ရှားပါးလက်ရာများဖြစ်ကာ ပရိသတ် စိတ်ဝင်စားကြသည်။ အထူးသဖြင့် ရှေးပညာရှိကြီးများ၏ လက်ရေးမူနှင့် အတွေးအခေါ်များကိုပါ စုဆောင်းပြသပါ၏။ ယခု အမျိုးသားပညာဝန် ဦးဖိုးကျား၏ အတွေးအယူ လက်ရေးမူကို ဖော်ပြပါသည်။

အမျိုးသားပညာဝန် ဦးဖိုးကျား၏ စာပေအယူအဆ လက်ရေးမူ စာတိုလေးကို ဖော်ပြပါ အတိုင်းတွေ့ရသည်။

**“စာရေးခြင်းဖြင့် တိုင်းနှင့်တကွ အများချမ်းသာအောင် ဆောင်ရွက်နိုင်သည်ဟု ကျွန်တော် မြဲမြံစွာ ယုံကြည်၏။ ထို့ကြောင့်လည်း မိမိစွမ်းဆောင်သမျှ စာအုပ်ဆယ်အုပ်ခန့် ရေးထုတ်ခဲ့၏။ အသင့်အတန် အကျိုးရှိသည်ကိုလည်း သိရ၏။ ထို့ကြောင့် စာရေးအတတ် ဖွံ့ဖြိုးခြင်းကို အလိုရှိ၏။”**

**ဖိုးကျား၊ ၁ -၂ - ၃၉**

အတိတ်ကို ပြန်လည်တမ်းတမိချင်ပါသေး၏။ စာအုပ်နှစ် အထိမ်းအမှတ် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများစွာ ပေါ်ထွက်ခဲ့ရာတွင် ကျွန်တော်၏ ဆရာ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် မောင်ပေါ်ထွန်းတို့ ပြုစုသော **“စာအုပ်ဟူသည်”** စာအုပ်နှင့် မန္တလေးမှ လူထုဦးလှ၊ ဒေါ်အမာတို့ ဦးစီးထုတ်ဝေခဲ့သည့် **“လူ့မိတ်ဆွေ”**စာအုပ်များကား မော်ကွန်းထိုးလောက်ပါ၏။ နှစ် ၅၀ ကာလအတွင်း မရိုးနိုင်သော စာတမ်းများ၊ စာပေများကား စာပေထုတ်ကုန်အဖြစ် ခေတ်မတိမ်နိုင်။

## မရိုးနိုင်သော ဤဆောင်ပုဒ်

စာအုပ်စာပေ လူ့မိတ်ဆွေဆောင်ပုဒ် ၁၉၇၂-၂၀၂၂ နှစ် ၅၀ ရွှေရတုသက်တမ်းကား ခရီးရှည် ရာစုနှစ်တစ်ဝက် ဖြတ်သန်းခဲ့ပြီးလေပြီ။ စာပေနှင့် မကင်းနိုင်သူတို့အဖို့ မရိုးနိုင်သော ဤဆောင်ပုဒ်ကို အသုံးပြုကာ အရည်အသွေးမီ အဆင့်အတန်းမြင့် စာပေများ ဖန်တီးကြဖို့သာဖြစ်၏။ နည်းပညာခေတ်တွင် စာပေဖွံ့ဖြိုးရေးအတွက် ပုံနှိပ်မီဒီယာလောက၏အတွေးအမြင်၊ သုတပညာ၊ ရသခံစားမှုများကို အားထည့်ဖန်တီးကြရမည်။ တာဝန်အလျဉ်မပြတ် ရှိနေပါဦးမည်။

မည်သို့ပင်ဖြစ်စေ စာအုပ်စာပေ လူ့မိတ်ဆွေဆောင်ပုဒ် ရွှေရတုတွင် စာပေကို နှလုံးသားထဲ စွဲမြဲကြသည်ဟု ယုံကြည်ပါသည်။ မပြောင်းလဲနိုင်သော စာပေအတွေး ပုံရိပ်ကြောင့်ဟု ကောက်ချက်ချချင်ပါသေး၏။ သေချာသည်မှာ စာပေသည် လောကကို အလှဆင်ကာ လူတို့အား အစဉ်ကောင်းကျိုးပြုနေခြင်းဖြစ်ပေသည်။ ။

## ပွဲကြိုသုံးသပ်ချက်

ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် (၂) အုပ်စု (ဆ) နဲ့ (ဇ) မှ ပွဲစဉ်လေးပွဲကို နိုဝင်ဘာ ၂၈ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ ပေါ်တူဂီနဲ့ ဥရုဂွေး၊ ဘရာဇီးနဲ့ ဆွစ်ဇာလန်အသင်းတို့ ပါဝင်နေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၂) | |
|---|---|
| ၂၈-၁၁-၂၀၂၂ | တနင်္လာနေ့ |
| ကင်မရွန်း - ဆားဘီးယား | ည ၄း၃၀ |
| တောင်ကိုရီးယား-ဂါနာ | ည ၇း၃၀ |
| ဘရာဇီး - ဆွစ်ဇာလန် | ည ၁၀း၃၀ |
| ပေါ်တူဂီ - ဥရုဂွေး | နံနက် ၁း၃၀ |

# နာမည်ကြီး ဘရာဇီးကို အနိုင်ယူဖို့ မလွယ်တဲ့ ဆွစ်ဇာလန်

## လင်းလက်ကြယ်

### ကင်မရွန်း VS ဆားဘီးယားအသင်းအခြေအနေ

ချူပိုမိုတင်း (



ကင်မရွန်း (တိုက်စစ်)

၄၇ ပွဲကစား ၁၇ ဂိုးသွင်း

အဖွင့်ပွဲစဉ်မှာ ကင်မရွန်းရော ဆားဘီးယားအသင်းပါ ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်က နှစ်သင်းစလုံးအတွက် အရေးပါနေတယ်။ နိုင်တဲ့အသင်းက နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် ခိုင်မာအားကောင်းမှာဖြစ်လို့ အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဆွစ်ဇာလန်ကို ရှုံးနိမ့်ခဲ့တဲ့ ကင်မရွန်းအသင်းထက် ဘရာဇီးကို ရှုံးနိမ့်ခဲ့တဲ့ ဆားဘီးယားအသင်းရဲ့ ခြေစွမ်းက အကောင်းဘက်မှာ ရှိတယ်။ ဒါကြောင့် ရရှိလာမယ့် အခွင့်အရေးကိုသာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရင် ဆားဘီးယား နိုင်ဖွယ်ရာရှိတယ်။

တာဒစ် (၃၄



ဆားဘီးယား (တိုက်စစ်)

၉၂ ပွဲကစား ဂိုး ၂၀ သွင်း

### တောင်ကိုရီးယား VS ဂါနာအသင်းအခြေအနေ

ဆွန်ဟောင်မင် (၃



တောင်ကိုရီးယား (တိုက်စစ်)

၁၀၅ ပွဲကစား ၃၅ ဂိုးသွင်း

ဥရုဂွေးလိုအသင်းကြီးကို သရေကျအောင် ကစားထားနိုင်တဲ့ ခြေစွမ်းကိုသာ ယခုပွဲစဉ်မှာ တောင်ကိုရီးယားအသင်း ဆက်လက်ထိန်းထားနိုင်ခဲ့ရင် ဂါနာအသင်းကို ကျော်ဖြတ်နိုင်ဖွယ်ရှိတယ်။ ဂါနာအသင်းက ပေါ်တူဂီကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် စုဖွဲ့မှုပိုင်း ကျစ်လျစ်ပြီး ခြေရည်တူကစားနိုင်ခဲ့တယ်။ မည်သို့ပင်ဆိုစေ ယခုပွဲစဉ်မှာ အနိုင်ရရှိမယ့်အသင်းက ကမ္ဘာ့ဖလားအိပ်မက် ဆက်လက်မက်ခွင့်ရှိမှာဖြစ်တဲ့အတွက် နှစ်သင်းစလုံးအတွက် အရေးပါနေတယ်။ အနိုင်ရရှိရေးကိုသာ ဦးတည်လာမှာဖြစ်ပေမယ့် ဂါနာထက် တောင်ကိုရီးယား အသာရဖွယ်ရှိတယ်။

အယူး (၃၂ နှစ်)



ဂါနာ (တောင်ပံ)

၁၁၁ ပွဲကစား ၂၄ ဂိုးသွင်း

### ဘရာဇီး VS ဆွစ်ဇာလန်အသင်းအခြေအနေ

ရစ်ချဝ (၂၅ နှစ်)



ဘရာဇီး (တိုက်စစ်)

၃၉ ပွဲကစား ၁၉ ဂိုးသွင်း

ဘရာဇီးအသင်းမှာ အားထားရတဲ့ တိုက်စစ်မှူး နေမာနဲ့ ဒန်နီလိုတို့ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိသော်ငြား ခံစစ်ပိုင်း ကျစ်လျစ်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ ဘရာဇီးကို ဆွစ်ဇာလန်အသာရဖွယ်မရှိဘူး။ ဒါ့အပြင် နိုင်လိုစိတ် ပြင်းထန်မှုနဲ့ ဂိုးရလိုစိတ် ပြင်းထန်မှုက ဘရာဇီးအသင်းသားတိုင်းမှာ ရှိနေတာကြောင့်လည်း ဆွစ်ဇာလန်အတွက် အခက်တွေ့စေမှာပါ။ ဘရာဇီးအသင်းမှာ ပွဲရလဒ်အဖြေကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားတွေ အများအပြား ရှိနေတဲ့အတွက် ဆွစ်ဇာလန် အမြင့်ဆုံး သရေသာရမယ်။

အမ်ဘိုလို (၂၅



ဆွစ်ဇာလန် (တိုက်စစ်)

၆၀ ပွဲကစား ၁၂ ဂိုးသွင်း

### ပေါ်တူဂီ VS ဥရုဂွေးအသင်းအခြေအနေ

စီရော်နယ်ဒို (၃၇ နှစ်



ပေါ်တူဂီ (တိုက်စစ်)

၁၉၂ ပွဲကစား ၁၁၈ ဂိုးသွင်း

မာမာထန်ထန်ကစားတတ်တဲ့ အသင်းနှစ်သင်း တွေ့ဆုံနေပေမယ့် အုပ်စုရပ်တည်မှုအရ ပေါ်တူဂီထက် ဥရုဂွေးအသင်းက မဖြစ်မနေ အနိုင်ရရှိဖို့ လိုအပ်တယ်။ ၂၀၁၈ ကမ္ဘာ့ဖလားမှာ ဒီနှစ်သင်းတွေ့ဆုံထားပြီး ဥရုဂွေးအသင်းက ကာဗာနီရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိထားတယ်။ နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးလူစာရင်းနဲ့ ပွဲထွက်လာမှာဖြစ်တာကြောင့် ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးကန်သွင်းမှုတွေထက် ရရှိလာမယ့်အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းရှိတဲ့အသင်းကသာ အောင်ပွဲခံသွားဖွယ်ရှိတယ်။

ဆွာရက် (၃၅ နှစ်



ဥရုဂွေး (တိုက်စစ်)

၁၃၅ ပွဲကစား ၆၈ ဂိုးသွင်း

# မက္ကဆီကို ကို အနိုင်ယူပြီး ကမ္ဘာ့ဖလား မျှော်လင့်ချက် ရှင်သန်လာခဲ့သည့် အာဂျင်တီးနား

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (C) ပွဲစဉ် (၂) မှ အာဂျင်တီးနားအသင်းနှင့် မက္ကဆီကိုအသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၄ မိနစ်နှင့် ၈၇ မိနစ်တွင် မက်ဆီနှင့် ဖာနန်ဒက်ဇ်တို့က သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် အာဂျင်တီးနားအသင်းသည် နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် ပိုင်ဆိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း အာဂျင်တီးနားအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဦးဆောင်သူ ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။

မက္ကဆီကိုအသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် တစ်မှတ်သာရရှိထားပြီး အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဆော်ဒီအာရေဗျနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



○ ကျော့ဖုံးမှ

သွင်းဂိုးခွင့်ပြုပေးခဲ့ရခြင်းမရှိသောကြောင့် နောက်ဆုံး ခြောက်ပွဲဆက် ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မော်ရိုကိုအသင်းသည် ယခုနိုင်ပွဲကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲနိုင်ဖြင့် ရမှတ် လေးမှတ် ရရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက်ဘယ်လ်ဂျီယံအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ် သုံးမှတ် ရရှိထားသည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁ ရက်တွင် ဘယ်လ်ဂျီယံအသင်းက ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မော်ရိုကိုအသင်းက ကနေဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်တွင် အုပ်စု(င)ပွဲစဉ် (၂)မှ ဂျပန်နှင့် ကော်စတာရီကာအသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ကော်စတာရီကာအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် အားကောင်းလာခဲ့ပြီ ဖြစ်သည်။ ကော်စတာရီကာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ဖူလ်လာက သွင်းယူပေးနိုင်ခဲ့သည်။

ဂျပန်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ် ရရှိထားသည်။ ကော်စတာရီကာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ် သုံးမှတ်ရရှိထားသည်။ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ဂျပန်အသင်းက စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကော်စတာရီကာအသင်းက ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အုပ်စု(စ)မှ ခရိုအေးရှားနှင့် ကနေဒါတို့ပွဲတွင် ခရိုအေးရှားက လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။ ခရိုအေးရှားက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရထားပြီး ကနေဒါက နှစ်ပွဲရှုံး အမှတ်မရသေးပေ။ **အောင်ဇော်**

### ကမ္ဘာ့ဖလား အုပ်စု (ဂ) ပွဲစဉ် (၂) အပြီး ရပ်တည်မှု


| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပိုလန် | ၂ | ၁ | ၁ | ၀ | ၄ |
| ၂။ | အာဂျင်တီးနား | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | ဆော်ဒီအာရေဗျ | ၂ | ၁ | ၀ | ၁ | ၃ |
| ၄။ | မက္ကဆီကို | ၂ | ၀ | ၁ | ၁ | ၁ |

### ကမ္ဘာ့ဖလား အုပ်စု (ဃ) ပွဲစဉ် (၂) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပြင်သစ် | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ | ဩစတြေးလျ | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | ဒိန်းမတ် | ၂ | ၀ | ၁ | ၁ | ၁ |
| ၄။ | တူနီးရှား | ၂ | ၀ | ၁ | ၁ | ၁ |

### ကမ္ဘာ့ဖလားပြိုင်ပွဲသွင်းဂိုးအများဆုံး သွင်းယူထားသူများ

| စဉ် | အမည် | အသင်း | ဂိုး |
|---|---|---|---|
| ၁။ | အမ်ဘတ်ပီ | ပြင်သစ် | ၃ |
| ၂။ | ဗလင်စီယာ | အီကွေဒေါ | ၃ |
| ၃။ | မက်ဆီ | အာဂျင်တီးနား | ၂ |
| ၄။ | ရစ်ချတ်လီဆန် | ဘရာဇီး | ၂ |



# ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်းပဲတီစိမ်းနှင့် နှမ်းစပါး မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ထောက်ပံ့မည်

**ပဲခူး နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဆောင်းပဲတီစိမ်းစိုက် တောင်သူများနှင့် နှမ်းစပါးစိုက် တောင်သူများအား မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းပဲတီစိမ်းစိုက်တောင်သူများနှင့် နှမ်းစပါးစိုက် တောင်သူများအား လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ဆောင်းပဲတီစိမ်းနှင့် နှမ်းစပါးစိုက်ပျိုးသည့် တောင်သူများအား အစုအဖွဲ့များဖွဲ့စည်း၍တောင်သူစိတ်ကြိုက် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး မြေပြင်ကွင်းဆင်း၍ စနစ်တကျ စာရင်းကောက်ယူရမည်ဖြစ်ပြီး တောင်သူများလက်ဝယ် တိုက်ရိုက်ရောက်ရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ သမဝါယမဦးစီးဌာနကလည်း ဆောင်းပဲတီစိမ်းနှင့် နှမ်းစပါးအသင်းအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုစီမံကိန်းသည် Pilot Project ဖြစ်၍ အောင်မြင်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူအစုအဖွဲ့များနှင့် သမဝါယမ အစုအဖွဲ့များအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်၊ စိုက်ပျိုးရေရရှိရေးနည်းလမ်းများနှင့် အစုအဖွဲ့များ ဖွဲ့စည်းထားရှိမှုများကိုလည်းကောင်း အကြံပြုတင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဆောင်းပဲတီစိမ်းစိုက်ကေနှင့် နှမ်းစပါးစိုက်ပျိုးနိုင်ရေး လျာထားမှုအခြေအနေနှင့် တောင်သူများ ထောက်ပံ့မှုရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် ဆောင်းပဲတီစိမ်း တစ်ကေလျှင် ကျပ် ၁၂၀၀၀၀ နှုန်း၊ နှမ်းစပါး တစ်ကေလျှင် ကျပ် ၂၀၀၀၀၀ နှုန်းဖြင့် တောင်သူစိတ်ကြိုက် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများကို ထောက်ပံ့ပေးမည်ဖြစ်ပြီး သီးနှံပေါ်ချိန်တွင် ကာလပေါက်ဈေးအတိုင်း ဝန်ဆောင်ခတစ် ရာခိုင်နှုန်းနှင့်အတူ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကာ ယခုစီမံကိန်းသည် တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အလွန်အကျိုးရှိသည့် လုပ်ငန်းစဉ်ဖြစ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးချိန်မီ ထောက်ပံ့ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## ဖါကြိုးဖြူကို တပ်ဆင်ခြင်းအဓိပ္ပာယ်မှာ အမျိုးသမီးများအပေါ် ကိုယ်တိုင်လည်း အကြမ်းမဖက်သလို အကြမ်းဖက်မှုများကိုလည်း တတ်နိုင်သမျှ ကာကွယ်တားဆီးပေးမည်ဟု ဆိုလိုခြင်းဖြစ်

**ပုသိမ် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်ပေး**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၉၉၁ ခုနှစ်မှစပြီး နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (Elimination of Violence against Women Day ) (ဖဲကြိုးဖြူနေ့) ကို ကျင်းပခဲ့ကြပါကြောင်း၊ ဖဲကြိုးဖြူကိုတပ်ဆင်ခြင်း အဓိပ္ပာယ်မှာ အမျိုးသမီးများအပေါ် ကိုယ်တိုင်လည်း အကြမ်းမဖက်သလို အကြမ်းဖက်မှုများကိုလည်း တတ်နိုင်သမျှ ကာကွယ်တားဆီးပေးမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုဟု နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်ပေးရာတွင် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချမှုရှိရန် အရေးကြီးပါကြောင်း၊ ထို့ပြင် အကြမ်းဖက်ခံရသူအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးမှု၊ နှစ်သိမ့်ဆွေးနွေးပေးမှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ဥပဒေရေးရာဝန်ဆောင်မှု၊ လူမှုရေးဝန်ဆောင်မှုနှင့် နားခိုရန်နေရာတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဌာနဆိုင်ရာ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်း ဆောင်ရွက်မှ သာလျှင် ကျား၊ မ တန်းတူညီမျှမှု မြင့်တက်လာပြီး ခွဲခြားဆက်ဆံမှု ပပျောက်ကာ အကြမ်းဖက်မှုများ လျော့နည်းပပျောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု ဆောင်းပါးပြိုင်ပွဲ၌ နှစ်သိမ့်ဆုရရှိသူတစ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုချီးမြှင့်ခဲ့ပြီး အမျိုးသမီးများ ဘဝတစ်လျှောက် အကြမ်းဖက်ခံရမှုနှင့်ပတ်သက်သည့် အသိပညာပေး Video Clip များ ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ လေးသိန်း မျိုးစိုက်ထည့်

**ဘူးသီးတောင် နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်ရာ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဆန်းဝင်းက ငါးမျိုးများစိုက်ထည့်ခြင်းကို ရှင်းလင်းပြောကြားပြီး ငါးသားပေါက်များကို မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကော်မတီထံ ပေးအပ်သည်။

ထို့နောက် မြို့နယ် တပ်နယ်မှူးဗိုလ်မှူးကြီး တင်မိုးအောင်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မေယုမြစ်ဖျား သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း နှစ်လက်မအရွယ်အစား ကောင်ရေ ၁၅၀၀၀၀ နှင့် ထိုင်းငါးခုံးမကြီး နှစ်လက်မအရွယ်အစား ကောင်ရေ ၂၅၀၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

လှကျော်( ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး ခြောက်လပြည့်ပြီးသူများအား ထပ်ဆောင်းကာကွယ်ဆေးများ အပါအဝင် အသက် ၁၈ နှစ်အထက် ပြည်သူများ၊ အသက် ၁၅ နှစ်မှ ၁၈ နှစ်ကြား ကျောင်းပြင်ပကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မိုးကောင်းစေတီတော် သာသနာ့ဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၂၆ ရက်က ဆက်လက်ထိုးနှံပေးနေစဉ်။

မြို့နယ်(ပြန်/ဆက်)



## တောင်ကုတ်မြို့၌ မုန့်တီဖတ်ထုတ်လုပ်သည့် စက်ရုံများကို စစ်ဆေး အသိပညာပေး

**တောင်ကုတ် နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက မုန့်တီဖတ် ထုတ်လုပ်ရောင်းချသည့် စက်ရုံများသို့ နိုဝင်ဘာ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမောင်ကျော်မြင့် ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဂူတာရပ်ကွက်နှင့် ကိုင်းရှည်ကျေးရွာအတွင်းရှိ မုန့်တီထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြသည့် စက်ရုံများသို့ သွားရောက်၍ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးနှင့် သန့်ရှင်းမှုရှိစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)


## အရန်မီးသတ် လေ့ကျင့်ရေး မွမ်းမံ သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၅ ရက်က ပင်လုံလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်သူက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ စာတွေ့လက်တွေ့သင်ယူတတ်မြောက်ထားသော သင်ခန်းစာများဖြင့် အများပြည်သူအကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးကြရန်၊ ယနေ့သင်တန်းကို အောင်မြင်စွာ ပြီးဆုံးသည်အထိ တက်ရောက်ပေးခဲ့သည့်အတွက်လည်း များစွာဂုဏ်ယူကြောင်းနှင့် စဉ်ဆက်မပြတ်လေ့လာဆည်းပူး၍ ရပ်ရွာလူထု၏အကျိုးကို ကူညီသယ်ပိုးပြီး ရပ်ရွာက ယုံကြည်လေးစားအားကိုးရသူများဖြစ်အောင် ကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားပြီး ဆုရ သင်တန်းသားများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများတက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းတွင် နည်းပြ ငါးဦးက သင်တန်းသား ၅၀ အား နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

မြင့်မြင့်ရီ(ဒဂုံမြောက်)



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Simple Past Tense (ရိုးရိုးအတိတ်ကာလ) အကြောင်းကို ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ဖော်ပြလိုက်တဲ့အပြင် Past Continuous Tense (အတိတ်ဖြစ်ဆဲကာလ) အကြောင်းကိုလည်း ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'what social media do you use most often?' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ်အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Simple Past Tense (ရိုးရိုးအတိတ်ကာလ) အကြောင်းကို ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Past Continuous (အတိတ်ဖြစ်ဆဲကာလ) အကြောင်းကိုလည်း ဖော်ပြလိုက်ပါတယ်။

**Simple Past Tense(ရိုးရိုးအတိတ်ကာလ)နှင့်ဆိုင်သော လေ့ကျင့်ခန်းများ**

**Exercise (1) Fill in the blanks with the Simple Past tense of the verbs in brackets.**

e.g. The train .............. (arrive) an hour ago.
The train arrived an hour ago.

1. I ......... (find) my pen yesterday.
2. I ......... (stay) with my grandparents for a year.
3. He .....(hang) the picture on the wall an hour ago.
4. We ........... (ring) the bell five minutes ago.
5. Mr Li ......... (wear) a tie last Saturday.
6. Last evening I ......... (eat) my dinner hurriedly.
7. Three days ago I ......... (meet) David.
8. The wind ........... (blow) strongly last night.
9. The police ......... (catch) the thief last week.
10. Mary ....... (take) a bus to school for four years.
11. My grandfather ......... (exercise) every morning of last year.
12. Yesterday I .......... (get) up early to go swimming.
13. Your father .......... (be) here a few minutes ago.
14. It ......... (begin) to rain ten minutes ago.
15. We ......... (hear) a strange noise last night.

**Exercise (2) Read what Laura says about a typical working day. Rewrite what she did or didn't do yesterday.**


I usually get up at 7 o'clock and have a big breakfast. I walk to work, which takes me about half an hour. I start work at 8.45. I never have lunch. I finish work at 5 o'clock. I'm always tired when I get home. I usually cook a meal in the evening. I don't usually go out. I go to bed at about 11 o'clock, and I always sleep well.

**Exercise (3) Write B's questions. Use:**

arrive cost go go to bed late
happen have a nice time stay win

| | |
|---|---|
| 1. | A: We went to New York last month.<br>B: Where ...............................?<br>A: With some friends. |
| 2. | A: I was last this morning.<br>B: What time ...............................?<br>A: Half past nine. |
| 3. | A: I played tennis this afternoon.<br>B: ...............................?<br>A: No, I lost. |
| 4. | A: I had a nice holiday.<br>B: Good. Where ...............................?<br>A: To the mountains. |
| 5. | A: We came home by taxi?<br>B: How much ...............................?<br>A: Ten pounds. |
| 6. | A: I'm tired this morning.<br>B: ...............................?<br>A: No, but I didn't sleep very well. |
| 7. | A: We went to the beach yesterday.<br>B: ...............................?<br>A: Yes, it was great. |
| 8. | A: The window is broken.<br>B: How ...............................?<br>A: I don't know. |

**Past Continuous (I was doing)**
**အတိတ်ဖြစ်ဆဲကာလ**




- **Past Continuous is used to show an action that was going on at a given time or period of time in the past.**
(အတိတ်ကာလအချိန်တစ်ခုမှာ ဆက်လက်ဖြစ်နေဆဲဖြစ်ရပ်တစ်ခုကို ဖော်ပြတဲ့နေရာမှာ Past Continuous – အတိတ်ဖြစ်ဆဲကာလကို သုံးသည်။) ဥပမာ –
  - My mother was sewing all yesterday afternoon.
  - I was writing at 8 o'clock last night.
  - This time last year I was living in Hong Kong.
  - What were you doing at 10 o'clock last night?
  - I waved to Helen, but she wasn't looking.
- **The Past Continuous tense is used for an action that was going on in the past when something else happened.**
(အတိတ်ကာလအချိန်တစ်ခုမှာ ဖြစ်ရပ်တစ်ခု ဖြစ်နေတဲ့အချိန် တခြားဖြစ်ရပ်တစ်ခု ကြားဖြတ်ဖြစ်ခဲ့ရင် Past Continuous – အတိတ်ဖြစ်ဆဲကာလကို သုံးသည်။) အဲဒီဖြစ်စဉ်နှစ်ခုမှာ ဖြစ်ရပ်ရှည်ကြီးကို Past Continuous Tense နဲ့သုံးပြီး ဖြစ်ရပ်တိုလေးကို Past Tense နဲ့ သုံးသည်။ ဥပမာ –
  - While Peter was running, he fell down.
  - We were walking home when I met Dan.
  - Kate was watching TV when we arrived.
  - I hurt my back while I was working in the garden.
  - It was raining when I got up.
- **The Past Continuous tense is used to show two actions that were going on at the same time in the past.**
(အတိတ်ကာလအချိန်တစ်ခုမှာ ဖြစ်ရပ်နှစ်ခု တစ်ပြိုင်နက်တည်း ဖြစ်တာကိုဖော်ပြရင် Past Continuous ကို သုံးသည်။) ဥပမာ–
  - While Liqing was reading, her brother was drawing.
  - While mother was cooking in the kitchen, we were working in the garden.
  - He was reading the book while I was cleaning the room.
  - While Jessica was frying the fish, her mother was baking a cake.
  - While we were dancing, she was singing.

## VOCABULARY (SYNONYMS)

1. noisy = rowdy (ဆူညံသော၊ ရုန်းရင်းဆန်ခတ်ဖြစ်သော)
2. noted = well-known (ထင်ရှားကျော်ကြားသော)
3. obey = submit (နာခံသည်)
4. obscene = indecent (ညစ်ညမ်းသော)
5. odour = smell (အနံ့အသက်)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about 'what social media do you use most often?'

**Speaking**

Shortest way to talk about 'what social media do you use most often?'



ဒီတစ်ပတ်မှာတော့ "what social media do you use most often?" အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about 'what social media do you use most often?' ဆိုပြီး ဖော်ပြလိုက်ပါတယ်။

ဒီတစ်ပတ်ရဲ့ စကားပြောခန်းမှာတော့ Adverbs တွေကို ဘယ်လိုမျိုး ထည့်သွင်းသုံးထားသလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

most often = မကြာခဏ၊ မကြာမကြာ၊ အချိန်အများစု
frequently = မကြာမကြာ
in a while = ခဏတွင်ခဏ
very rarely = ကြုံတောင့်ကြုံခဲ
twice a week = တစ်ပတ်နှစ်ကြိမ်
almost ever = အမြဲတမ်းနီးနီး
once in a blue moon = အလွန်ဖြစ်ခဲလှသော
pretty often = ခဏခဏ
5 times a day = တစ်ရက်ငါးကြိမ်

**Conversation**

**What social media do you use most often?**

**Ethan:** What are you doing, Diana?
**Diana:** Oh, I'm just scrolling social media.
**Ethan:** What social media do you use most often?
**Diana:** Facebook, I guess. I check it every day. I like to look at my friends' posts.
**Ethan:** Do you post frequently?
**Diana:** No, I only post once in a while, when I really feel passionate about something or when I want to share something interesting.
**Ethan:** Do you also use Twitter?
**Diana:** I do not use Twitter that much. I check it very rarely. Maybe twice a week. I follow my friends and some famous people. I almost ever tweet.
**Ethan:** Yeah, me neither. What about Instagram?
**Diana:** I'm rarely on Instagram. I only check it once in a blue moon. I post a picture about once a month.
**Ethan:** Oh, how about Youtube and Tik Tok?
**Diana:** I watch them pretty often, but I never post videos. I have friends who post videos frequently on Tik Tok, about 5 times a day.
**Ethan:** Really? They must have a lot of free time.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# လူမှုကာကွယ်စောင့်ရှောက်ရေး စာရွက်မှတ်တမ်းမှသည် ဒစ်ဂျစ်တယ်စနစ်ဆီသို့

*စန်းစန်းအေး (ကျန်းမာရေးဘောဂဗေဒ)*

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ "လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မယ့် လူမှုအသိုက်အဝန်းတစ်ရပ်ပေါ်ပေါက်လာစေရေးနဲ့ အားလုံး အကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိတဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းတွေနဲ့ ပြည်သူလူထုလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေး" မူဝါဒနဲ့အညီ ပြည်သူလူထုအတွင်း ထိရောက်တဲ့ လူမှုရေးပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနဲ့ ဝန်ဆောင်မှုတွေကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။**

မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်မှာ အဓိက လုပ်ငန်း (Flag Ship Program) ရှစ်ရပ်ပါဝင်ပြီး အားလုံးအကျုံးဝင်စေသော ချဉ်းကပ်မှု (Universal approach ) နဲ့ ဆောင်ရွက်ဖို့ ရေးဆွဲထားရှိပါတယ်။

လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်း ရှစ်ရပ်မှာ–

(၁) ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာတဲ့ အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ထောက်ပံ့ငွေ ပေးအပ်ခြင်း (ကလေးဘဝအစ ရက် ၁၀၀၀ အတွင်း အာဟာရပြည့်ဝစေရန် ထောက်ပံ့ခြင်း)၊

(၂) အသက် သုံးနှစ်မှ ၁၅ နှစ်အထိ ကလေးသူငယ်များကို ထောက်ပံ့ခြင်း၊

(၃) မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်း၊

(၄) ကျောင်းတွင်း အာဟာရကျွေးမွေးသော အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(၅) အများပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး အစီအစဉ်များဆောင်ရွက်ခြင်း၊

(၆) လူမှုရေးပင်စင် အစီအစဉ်ဆောင်ရွက်ခြင်း၊

(၇) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့ခြင်း၊

(၈) ဘက်စုံ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုတို့ ဖြစ်ပါတယ်။

### အပေါင်းလက္ခဏာဆောင်တဲ့ တိုးတက်မှုတွေ

မဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းတွေကို အဆင့်အလိုက် အကောင်အထည်ဖော်သွားခြင်းဖြင့် ပြည်သူလူထုအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သာတူညီမျှဖြစ်ရေး၊ လူမှုသဟဇာတဖြစ်ရေးစတဲ့ အပေါင်း လက္ခဏာဆောင်တဲ့ တိုးတက်မှုတွေ ရေရှည်မှာ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဖော်ပြပါ လုပ်ငန်းရှစ်ရပ်အနက် ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ လူမှုဝန်ထမ်းဦးစီးဌာနက အမှတ်စဉ် (၁)၊ (၆)၊ (၇)နဲ့ (၈) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။




ကဏ္ဍလေးရပ်အနက် လူမှုရေးပိုင်းဆိုင်ရာရင်းနှီးမြှုပ်နှံခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းကဏ္ဍနှစ်ရပ်ဖြစ်တဲ့ အမှတ်စဉ် (၁)နဲ့ (၆)၊ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုအဖြစ် လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုစနစ် တည်ထောင်ရေးကဏ္ဍတို့အတွက် စာရွက်မှတ်တမ်းတွေ ထိန်းသိမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လူပုဂ္ဂိုလ်တွေရဲ့ ကိုယ်ရေးအချက်အလက်တွေဖြစ်၍ လုံခြုံစွာထိန်းသိမ်းဖို့ လိုအပ်ခြင်း၊ သတင်းအချက်အလက်တွေ ခွဲခြမ်းစိတ်ဖြာ၍ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်တွေနဲ့ တိကျတဲ့ ကိန်းဂဏန်းအချက်အလက်အပေါ် အခြေခံပြီး သုတေသနပြုခြင်းတွေကို ဆောင်ရွက်ဖို့လည်း လိုအပ်လျက်ရှိပါတယ်။

### လူမှုသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်

လူမှုသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Social Management Information System–SMIS)ကို ၂၀၁၇ ခုနှစ်မှာ Microsoft Excel နဲ့သာ ထည့်သွင်းပြီး စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ စနစ်ရဲ့ အစမှာ ငွေကြေးထောက်ပံ့မှုပေးခြင်း ကဏ္ဍနှစ်ရပ်အတွက် အကျိုးခံစားခွင့်ရှိသူ ဦးရေဟာ ၅၀၀၀၀ ခန့်သာရှိပေမယ့် ၂၀၂၂ ခုနှစ်မှာ အကျိုးခံစားခွင့်ရှိသူ ၇၀၀၀၀၀ နီးပါးခန့်ရှိလာတဲ့အတွက် SMIS Software ရေးဆွဲပြီး သတင်းအချက်အလက်တွေကို စနစ်တကျစီမံခန့်ခွဲဖို့ လိုအပ်လျက်ရှိပါတယ်။

ထိုနည်းတူစွာ လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုမှာလည်း ဖြစ်ရပ်အရေအတွက်တွေမှာ အစပိုင်းမှာ ၅၀၀ ခန့်သာရှိရာကနေ ၂၀၂၂ ခုနှစ်မှာ ၅၀၀၀ ကျော်အထိ ရှိလာတဲ့အတွက် SMIS စနစ်အောက်မှာ Case Mangement Information System – CMIS ကိုလည်း ဆော့ဖ်ဝဲရေးဆွဲပြီး ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်း ဖို့ လိုအပ်လျက်ရှိပါတယ်။

တပ်မတော်သတင်းနည်းပညာဌာနမှ ပညာရှင်တွေရဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနဲ့ SMIS Software ရေးသားခြင်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စတင်ရေးသားခဲ့ရာ ယခုအခါ လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (CMIS) Softwareကို စမ်းသပ်အသုံးပြုနေပြီဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပေးအပ်လျက်ရှိတဲ့ လူမှုရေးပင်စင်၊ တိုင်းဒေသကြီး / ပြည်နယ် ခုနစ်ခုမှာ ပေးအပ်လျက်ရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ၎င်းတို့မှ မွေးဖွားတဲ့ အသက်နှစ်နှစ်အောက် ကလေးသူငယ်တွေကို ထောက်ပံ့ပေးခြင်း အစီအစဉ်နှစ်ရပ်အတွက်လည်း ဆော့ဖ်ဝဲတွေကို ရေးဆွဲလျက်ရှိပါတယ်။

### ASOCIO Digital Government

၂၀၂၂ ခုနှစ် စက်တင်ဘာလမှာ တပ်မတော်သတင်းနည်းပညာဌာန ပညာရှင်တွေနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တာဝန်ရှိသူတို့က အာရှနဲ့ သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာဆိုင်ရာ အသင်းချုပ် (Asian Oceanian Computing Industry Organization –ASOCIO) က ASOCIO အဖွဲ့ဝင်နိုင်ငံတွေမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ နည်းပညာအသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း အကြောင်းကြားလာပါတယ်။ ASOCIO ဟာ ၂၀၁၄ ခုနှစ်မှာ Digital Government Award အပါအဝင် ဆုအမျိုးအစား သုံးမျိုးကိုသာ ပေးခဲ့ပေမယ့် ၂၀၂၂ ခုနှစ်မှာ ASOCIO Digital Government Award အပါအဝင် ဆုအမျိုးအစား ရှစ်မျိုးကို ပါဝင်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တပ်မတော်သတင်းနည်းပညာဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နည်းပညာအသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ "လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် (Case Management Information System–CMIS) ကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ASOCIO Digital Government Award ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှာ ရရှိခဲ့ပါတယ်။

### ဒစ်ဂျစ်တယ်စနစ်ကို တဖြည်းဖြည်း ကူးပြောင်း

CMIS ကို Software Platform အဖြစ် အသွင်ကူးပြောင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုအစီအစဉ်မှာ ကာကွယ်စောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးသူငယ်တွေ၊ ဥပဒေနဲ့ ငြိစွန်းလျက်ရှိတဲ့ ကလေးသူငယ်တွေ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်တွေ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်တွေ၊ လူကုန်ကူးခံရသူ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ ဖြစ်ရပ်တွေကို အရင်က စာရွက်မှတ်တမ်းသာ သိမ်းဆည်းရာကနေ ယခုအခါ ဒစ်ဂျစ်တယ်မှတ်တမ်းကိုပါ သိမ်းဆည်းပြီး ဒစ်ဂျစ်တယ်စနစ်ကို တဖြည်းဖြည်း ကူးပြောင်းသွားမှာ ဖြစ်ပါတယ်။

Digital Platform ကိုပြောင်းလဲအသုံးပြုခြင်းဖြင့် လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ပါ လုပ်ငန်းစဉ်တွေကို စနစ်တကျဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်တွေကို အစိုးရအဖွဲ့အစည်းတွေ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းတွေအကြား လွှဲပြောင်းချိတ်ဆက်နိုင်မှာ ဖြစ်တဲ့အပြင် ဖြစ်ရပ်အလိုက်မှတ်တမ်းတင်နိုင်ခြင်း၊ အချိန်နဲ့ တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ အချက်အလက်တွေကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာနိုင်ပြီး အချက်အလက်(Data)မှ သတင်းအချက်အလက် (Information) ကို လည်းကောင်း၊ ယင်းမှတစ်ဆင့် မူဝါဒ အဆိုပြုချက် (Policy input) များအထိ ပေးဆောင်နိုင်ပြီး ပြည်သူလူထုအတွင်း လူမှုဝန်ဆောင်မှုတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်မယ့် အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ကြောင်း စာရွက်မှတ်တမ်းမှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှု milestone ကို မှတ်တမ်းတင်အပ်ပါတယ်။ ။

**"လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တပ်မတော်သတင်းနည်းပညာဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နည်းပညာအသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ " လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် (Case Management Information System-CMIS) ကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ASOCIO Digital Government Award ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှာ ရရှိခဲ့ပါတယ်"**

---

## အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေး အသိပညာပေး

မြဝတီ နိုဝင်ဘာ ၂၇

နိုဝင်ဘာ ၂၅ ရက်က ကျရောက်သည့် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဆွေးနွေးပွဲကို မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြဝတီခရိုင် ပြန်/ဆက်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက အသိပညာပေး ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စမ်းစမ်းအေးက အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု မရှိစေရေးအတွက် ကျား/မတန်းတူ အခွင့်အရေးညီမျှမှုရရှိရေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများအခွင့်အရေး မြှင့်တင်ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် မိမိတို့အသင်းအဖွဲ့အနေဖြင့် ဆောင်ရွက်ရသည့် အသိပညာပေးလုပ်ငန်းများနှင့် အမျိုးသမီးငယ်များ၏ ဘဝရပ်တည်မှုဆိုင်ရာ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများအကြောင်းတို့ကို အသေးစိတ် ဆွေးနွေးခဲ့သည်။

ဇာဖြူဝင်း(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဘုရားကြီး-ဝေါသွား ကားလမ်းညောင်ခါးရှည်ကျေးရွာအနီး၌ ဘုရားကြီးဘက်မှ မော်လမြိုင်ဘက်သို့ စောအယ်တူလို မောင်းနှင်ပြီး စောအယ်ဒိုထူး လိုက်ပါလာသည့် TOYOTA TOYO-ACE ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄ သိန်း၊ အိုက်စ် ၂ ကီလိုနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စောအယ်တူလိုနှင့် စောအယ်ဒိုထူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မိုးညှင်းမြို့နယ် ဟိုပင်နှင့် သံဖြူဇရပ်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ရွာသစ်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာအနီး ဟိုပင်-နန့်မွန်းသွား ကားလမ်းတွင် ခင်မောင်မြင့် မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဇော်ဇော်အောင် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀၊ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုတို့ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီတွင် သံဖြူဇရပ်မြို့နယ် စခန်းကြီး ကျေးရွာအုပ်စု ရဲတံခွန်ကျေးရွာအနီး သင်္ကြော့-ဘုရားသုံးဆူသွား ကားလမ်းတွင် ထွန်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၇၉၂၇ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ခင်မောင်မြင့်နှင့် ဇော်ဇော်အောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

# ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်မှ ညနေ ၃ နာရီ ၁၅ မိနစ်အထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ပန်ကုလား ကျေးရွာရှိ ဘိန်းခင်း ဧက ၂၀ ကိုလည်းကောင်း။

အလားတူ နံနက် ၉ နာရီ ၂၅ မိနစ်မှ ညနေ ၃ နာရီအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က နောင်စုံကျေးရွာရှိ ဘိန်းခင်း ၉ ဧကကို လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီခွဲမှ ညနေ ၃ နာရီ ၄၅ မိနစ်အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က တွေ့ပူး ကျေးရွာရှိ ဘိန်းခင်း ၈ ဧကကိုလည်းကောင်း။

အလားတူ နံနက် ၁၀ နာရီ မိနစ်၄၀ မှ ညနေ ၃ နာရီ ၁၅ မိနစ်အထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က တင်းထက် ကျေးရွာရှိ ဘိန်းခင်း ဧက ၂၀ ကိုလည်းကောင်း ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# နွားထိုးကြီး၌ လျှပ်စစ်အန္တရာယ် အသိပညာပေးလှုပ်ရှား

**နွားထိုးကြီး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်သည် ရပ်ကွက် ရှစ်ရပ်ကွက် ကျေးရွာ ၁၈၇ ရွာကို လျှပ်စစ်မီး မြို့နယ်လုံးကျွတ် ရာနှုန်းပြည့်ပေးနေသော မန္တလေးတိုင်းဒေသကြီး၏ မြို့နယ်တစ်ခုဖြစ်သည်။

လျှပ်စစ်သုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကို နားလည်သိရှိကြရန် နွားထိုးကြီးလျှပ်စစ်က လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့ပေါ် စည်ကားရာ ဈေး ၊ ဘဏ်၊ မြို့လယ်၊ ကားဂိတ်များ၌ လျှပ်စစ်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက လူထုသို့ ဖြန့်ဝေပညာပေးကြောင်း သိရသည်။

**(၀၁၈)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးစက်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် ကံလှကျေးရွာ နတ်မောက်လမ်းနှင့်သင်ကြားရေးလမ်းဆုံအနီး၌ လိုင်စင်မဲ့ TOYOTA ALPHARD အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့ ထောက်ရှာပင်-ထန်းကိုင်း-မန်းရေနံမြေ ဟေလာတောင်နယ်မြေအတွင်း၌ တရားမဝင် ရေနံစိမ်း ၁၀ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀) ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် တာဝန်ကျအကောက်ခွန်အဖွဲ့က သတင်းအရ ပဲခူးမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း၊ ရွှေသံလွင်တိုးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဖြစ်သော Lactasoy Soy Milk ၊ Royal-D (Electrolyte Beverage)၊ Nestle Milo ၊ ထိုင်းနိုင်ငံထုတ် စားသုံးဆီများ၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၄၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၌ တရားမဝင် ကျွန်းပါကေး (အကြမ်းတုံး)များ၊ ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုးသစ်ခွဲသားများ ၁ ဒသမ ၅၀၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၂၆၄၂) ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၆၆၄၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်တင်ပို့ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသော နှမ်းနက် ၈၉၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀၀)၊ အဆိုပါ ကုန်စည်များ တင်ဆောင်လာသော DONG FENG Tractor Head အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရုတ်နိုင်ငံထုတ် အနွေးထည် အကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ အထည် ၃၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၀၀၀၀)၊ အဆိုပါ အဝတ်အထည်များ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းသုံးစက် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၆၁၂၃၉)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၆) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၇၈၈၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ)က ဖွင့်လှစ်သည့် ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

Myanmar International Arbitration Center (MIAC) Incorporated က ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိသည့် Introduction to Mediation and Arbirtation Course ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၆ ရက်က အမှတ် ၄၉ (တတိယထပ်) ကျွန်းတောလမ်းနှင့်ဖျာပုံလမ်းထောင့်၊ စမ်းချောင်းမြို့နယ်ရှိ MIAC သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းတာဝန်ခံဦးကျူးခေါင်က ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို အသင်းဥက္ကဋ္ဌက ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကို အောင်လက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

**မောင်မောင်(လှိုင်စစ်)**



## ယင်းမာပင်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ယင်းမာပင် နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယင်းမာပင်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ယင်းမာပင်မြို့ (၁) ရပ်ကွက်ရှိ သီးပင် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်သည်။

အဆိုပါ သန့်ရှင်းရေးပြုလုပ်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်တို့က ကြီးကြပ်၍ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်ကြပြီး မီးဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ခြင်များ မပေါက်ပွားစေရန်နှင့် သန့်ရှင်းသာယာလှပစေရန်ရည်ရွယ်၍ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ကျောင်းသုံးအုတ်ရေကန်များအတွင်းမှ အမှိုက်များ ဖယ်ရှားပေးပြီး အမှိုက်များအား စနစ်တကျ စွန့်ပစ်ပေးခြင်းများ ဆောင်ရွက်ကြသည်။

မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ဆေးရုံ၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း အလှည့်ကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်ဓာတ် ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒုတိယအဆင့် Level-2 ပွဲစဉ် (၁၁ ၊ ၁၂)တွင် ပြိုင်ပွဲဝင်(၁၀)ဦးတို့မှ ပြဇာတ်တစ်ပုဒ် စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်(၁၃) Result Show တွင် ပရိသတ် Voting (၇၀ %) နှင့် ဒိုင်အကဲဖြတ် အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၇)ဦးဖြင့် ပြုလုပ်မည့် ပွဲစဉ်(၁၄) အတွက် ရွေးချယ်ထားသည့် အောက်ပါပြဇာတ်တေးသီချင်း(၇)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ကစ္စပနဒီလှိုင်းသံ | ချင်းပြည်နယ် | (၂-၁၂-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၄) |
| ၂ | ဘိုးဘွားအမွေပေး လွတ်လပ်ရေး | ရန်ကုန်တိုင်းဒေသကြီး | |
| ၃ | မင်းဟာမြန်မာ | ပဲခူးတိုင်းဒေသကြီး | |
| ၄ | ပြည်ထောင်စုအလှ မြန်မာ့ဂုဏ်ရည် | ကရင်ပြည်နယ် | |
| ၅ | တောင်ပေါ်သူအိပ်မက် | ကချင်ပြည်နယ် | |
| ၆ | ဆွမ်ပရာဘွမ် | နေပြည်တော် | |
| ၇ | ပြည်ထောင်စုကြီးထာဝရတည်တံ့စေသား | ဧရာဝတီတိုင်းဒေသကြီး | |

### ကြော်ငြာစာ
### မြဝတီခရိုင်တရားရုံးတော်၌
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၃

**ကွယ်လွန်သူ ဒေါ်ကေသီဝင်းမှာ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် အမွေထိန်းလက်မှတ် ထုတ်ပေးရန်လျှောက်သည့်အမှု**

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်လှသောင်းလမ်းနေ ဒေါ်ကေသီဝင်း ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးစိုင်းကျော်နိုင်(ကွယ်လွန်သူ ဒေါ်ကေသီဝင်းခင်ပွန်း)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၈ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးစိုင်းကျော်နိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမွေထိန်း လက်မှတ်ထုတ်ပေးရန်သင့်မသင့် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ဇော်ဦး)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

### အများသိစေရန်အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ အင်းထိပ်ဦးရွာ မြေ (၆၀x၇၀)ပေ (၆၈x၁၂၀)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကိုလက်ရှိပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်သန်းထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူငွေပေးချေပြီး ဂရန်ဖောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၂ပတ်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဂရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိခိုင် ၉/မရမ(နိုင်) ၀၀၃၅၃၄

ဒေါ်နီနီမြင့် (LL.B,Q.M1)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၉၄၈၇)(၃၁-၁၂-၂၀၁၃)
ရကက(၇)၊လမ်းသွယ်(၆)၊ တောင်ရတနာရပ်ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၇၉၈၃၅၅၅၇၀၊
၀၉-၇၅၈၇၆၅၄၃၃

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ မင်းကြီးဆွေရပ်ကွက်၊ ကေရီ(၁)လမ်း၊ အမှတ်(၁၉၆)နေ ဒေါ်ခင်မြတ်မိုး ၁၃/လရန(နိုင်) ၀၁၂၆၆၂၏သား မောင်သန့်ဇင်ထွန်း ၇/တငန(နိုင်) ၂၄၀၅၉၇သည်မိဘစကားနားထောင်မှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို တာဝန်မယူ မိဘနှင့်သက်ဆိုင်ခြင်းမရှိကြောင်း အသိပေးကြေညာပါသည်။

**မိခင်-ဒေါ်ခင်မြတ်မိုး**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက(၃) Grade-8မှ မရွှန်းလဲ့လဲ့မောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၉/မခန(နိုင်) ၁၅၉၁၇၀ ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်**

### မွေးသက္ကရာဇ်အမှန်

သာစည်မြို့နယ်၊ အထက-မြေစိုတွင် အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးတင်မောင်၏ သမီး ဒေါ်ယဉ်ယဉ်မြ ၉/သစန(နိုင်) ၀၇၁၀၀၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၁၉၆၂ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းမော်လင်း ၅/ယမပ(နိုင်) ၀၈၉၁၁၄၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၂၅၃၁၀၈၀

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄)ရပ်ကွက်၊ ဘိုးရာဇာ (၃)လမ်းနေ ဒေါ်လွန်းနေ(ခ)ဒေါ်မူ N/OKA. ၀၉၇၂၃၁မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ ယာဉ်ကိုကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော် ယာဉ်ကို ကျော်တက် လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၉၀/မမ/CE | **တိုင်း(၄)ကလောနယ်မြေ** ပင်းပက်-နောင်ကားရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် အသုံးပြုရန်အတွက် ကွန်ကရစ်ဇလီဖား (၁၄၂၀၀)တုံး၊ တန်အားဖြင့် (၂၃၆၆.၆၆)တန်ကို သာစည်ဘူတာမှပင်းပက်နောင်ကားလမ်းပိုင်းသို့သယ်ယူပို့ဆောင်ခြင်း လုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၉. ၁၂ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂၅ . ၁၁ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် –

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့ (၁)၊ တံတားအထူးအဖွဲ့ (၄)၊ မန္တလေးမြို့နှင့် တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၂)၊ ရွှေညောင်မြို့တို့၏ အမှတ်စဉ် (၂/၂၀၂၂-၂၀၂၃) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့နှင့် တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ တံတားတည်ဆောက်ခြင်း လုပ်ငန်းများအတွက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း နှင့် သယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်းတို့ကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၄)မန္တလေးမြို့
ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့

၂။ **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၂၈-၁၁-၂၀၂၂ ရက်၊ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံပိတ်မည့် ရက်/အချိန်** - ၁၁-၁၂-၂၀၂၂ ရက်၊ (၁၆:၀၀)နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၁၂-၂၀၂၂ ရက်၊ ၀၉:၃၀ နာရီ

၅။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အသေးစိတ်သိရှိလိုပါက {တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့၊ ဖုန်း-၀၉- ၅၄၁၅၈၁၄၊ ၀၉-၇၈၁၃၀၀၄၀၉} နှင့် {တံတားအထူးအဖွဲ့(၁၂) ၊ ရွှေညောင်မြို့ ဖုန်း- ၀၈၁- ၄၅၄၂၀၊ ၀၉-၄၀၀၄၄၈၇၆၉၊ ၀၉-၂၆၇၀၄၂၆၇၀} တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၅/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ်(၁၇/က၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား ခရိုင်ထွေ/အုပ်လားရှိုးမြို့၏ (၃-၈-၂၀၂၂)ရက်စွဲပါစာအမှတ်၊၄/၆-၄(၀၁၇)/ဦး၁(အထဥ)အရ ဦးစံအောင် အမည်ဖြင့် ဦးပိုင်ခွဲစိတ်မိန့်ရရှိထားသော မြေကွက်ဖြစ်ပြီး ဦးစံအောင်မှာ ကွယ်လွန်သွားသဖြင့် သား/သမီးများဖြစ်သော ဒေါ်နန်းကေသီ ၁၃/နခန(နိုင်)၀၀၃၈၄၂၊ ဒေါ်နန်းကြိမ်ခမ်း ၁၃/လရန(နိုင်)၀၈၂၉၆၂ နှင့် ဦးစိုင်းကျော်အောင် ၁၃/လရန(နိုင်)၀၂၀၀၆၄ တို့မှ အမွေဆက်ခံစာချုပ် (၄၉၅IV/၂၀၂၂)ဖြင့် အမွေဆက်ခံပြီးဖြစ်၍ ဒေါ်နန်းကေသီပါ(၃)ဦးမှ ဦးပိုင်ခွဲစိတ်ခွင့် အရ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀) အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ဟော်လေးလုံးကွက်)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ ၀ ဒသမ ၁၄၇ဧက၊အမှုတွဲ အမှတ် ၃၀၀-၅/၁၉၉၇ ၁၉၉၈(စီ)ဖြင့် ဒေါ်သန်းနုစ်မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဒေါ်သန်းနုစ်မှာ (၁၆-၆-၂၀၁၈) ရက်တွင်လည်းကောင်း၊ ခင်ပွန်းဦးကျော်မှာ (၁၉၆၀)တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် သား၊သမီးများဖြစ်ကြသည့် ဦးကျော်သန်း ဒေါ်ခင်မာကြည်၊ ဒေါ်ခင်မာဝင်း ဒေါ်ခင်မာကြူ ဦးမောင်မောင်ငယ်တို့မှ အမွေဆက်ခံစာချုပ်(၂၃၁IV/၂၀၂၀)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ ဒေါ်ခင်မာကြည်ပါ(၄)ဦးမှ ဦးကျော်သန်းထံ စွန့်လွှတ်စာချုပ် (၄၉၉I/၂၀၂၀)ဖြင့် စွန့်လွှတ်ခဲ့ပါကြောင်း၊ စွန့်လွှတ်ခြင်းခံရသူဦးကျော်သန်းမှာ (၁၂-၁-၂၀၂၂)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူဒေါ်နန်းအေးလွင် အမွေဆက်ခံစာချုပ်(၃၃၄IV/၂၀၂၂)ဖြင့် အမွေဆက်ခံပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၉၀၃)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ အမှုတွဲအမှတ် ၁၅၈-၅/၁၉၉၂-၁၉၉၃(စီ)ဖြင့် တပ်သားသိန်းစိုးအောင်မှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်းမှ ရောင်းဝယ်စာချုပ်(၂၉၀I/၁၉၉၃)ဖြင့် ဒေါ်ကော်ချိုင်ရှမ်းထံသို့လည်းကောင်း၊ ဒေါ်ကော်ချိုင်ရှမ်း၏ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးစိုးနိုင်ဝင်း ၁၃/လရန(နိုင်)၁၈၆၀၅၈ မှ ရောင်းဝယ်စာချုပ်(၄၈၃I/၂၀၂၂)ဖြင့် ဒေါ်ကြည်ဖြူမောင်မောင် ၁၃/လရန(နိုင်)၁၆၅၀၂၈ ထံသို့လည်းကောင်း အသီးသီးရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၈၉၆)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက အမှုတွဲအမှတ်-၄၇၇-၅/၂၀၁၀-၂၀၁၁(စီ) ဖြင့် ဦးသီဟနေသွေးမှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးရာမူး ၉/မကန(နိုင်)၁၅၇၁၄၇မှ ရောင်း/ဝယ်စာချုပ် (၃၃၂I/၂၀၂၂)ဖြင့် ဦးဂီသာရ်နဒ် ၉/မကန(နိုင်)၀၆၃၃၀၇ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်အဖြစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူ များရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၈၃၈)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧက၊ အမှုတွဲအမှတ် ၁၃၀-၅/၂၀၁၁-၂၀၁၂(စီ)ဖြင့် ဦးပိုက်ပိုက်မှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးသန်းနိုင် ၁၃/လရန(နိုင်)၀၀၂၈၈၈ မှ ရောင်း/ဝယ်စာချုပ် (၄၁၅I/၂၀၂၂)ဖြင့် ဒေါ်နန်းနီလာအောင် ၁၃/လရန(နိုင်) ၁၄၃၃၁၀ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူ များရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံး ပစ္စည်းများအား ဌာနအရောက်တန်ဖိုး (D.D.P) (နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Satellite Image (2D Ortho-Rectify and GSD=0.5m) | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား (၈-၁၂-၂၀၂၂)ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊**
**မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ
## သမဝါယမအသင်းလီမိတက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရော၀တီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ တဇင်ရေကျော် ကျေးရွာအုပ်စု ၃၃ ဒသမ ၇၀ ဧကအား ငါးရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာနှင့်စည်းကမ်းချက်များအားတစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများသမဝါယမ အသင်းလီမိတက်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့် -

(က) **နေ့ရက်** - ၃၀-၁၁-၂၀၂၂ ရက်မှ ၁၃-၁၂-၂၀၂၂ ရက်အထိ။

(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၀၉:၃၀ နာရီမှ ၁၅:၃၀ နာရီထိ။

(ဂ) **နေရာ** - ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများသမဝါယမ အသင်းလီမိတက်၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။

၄။ **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများသမဝါယမ အသင်းလီမိတက်၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။

၅။ **အိတ်ဖွင့်တင်ဒါတင် သွင်းရမည့်ရက်/အချိန်** - ၁-၁၂-၂၀၂၂ ရက်မှ ၁၃-၁၂-၂၀၂၂ ရက်အထိ။ နံနက် ၀၉:၃၀ နာရီမှ ၁၅:၃၀ နာရီထိ။

၆။ **အိတ်ဖွင့်တင်ဒါ ဖွင့်မည့် ရက်/အချိန်** - ၁၆-၁၂ -၂၀၂၂ ရက်၊ နံနက် ၁၀:၀၀ နာရီ

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၇၄၊ ၀၆၇-၄၁၈၅၃၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (၁၁/ဇ-ဗျူဟာလမ်းအရှေ့)၊ ဦးပိုင်အမှတ် (၂၁၉)၊ ဧရိယာ၀ ဒသမ ၁၂၉ ဧကအမှုတွဲ အမှတ် ၂၀၀-၅/၂၀၁၀-၂၀၁၁(အေ)ဖြင့် ဦးစိုင်းကျော်ထွန်းမှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဦးစိုင်းကျော်ထွန်းမှာ ၃-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့်ဇနီး ဒေါ်ယုလှ ၃/လရန(နိုင်)၀၅၄၂၁၁ မှ အမွေဆက်ခံစာချုပ် (၅၀၅IV/၂၀၂၂)ဖြင့် အမွေဆက်ခံပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ဟော်လေးလုံးကွက်သစ်)၊ ဦးပိုင်အမှတ်(၁၄၆/ခ)၊ ဧရိယာ ၀ ဒသမ ၀၄၂ဧက၊ အမှုတွဲအမှတ် ၁၂၅၅-၅/၂၀၁၈-၂၀၁၉(အေ)ဖြင့် ဦးကြံတိုင်းအောင်(ခ)ကျော်သူရမှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဦးကြံတိုင်းအောင်(ခ)ကျော်သူရမှ ရောင်း/ဝယ်စာချုပ် (၄၁၈I/၂၀၂၂)ဖြင့် ဒေါ်သီတာအောင် ၁၃/လရန (နိုင်)၀၀၂၃၁၅ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6N/3663 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးမောင် ၉/ကဆန (နိုင်)၀၁၆၀၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/78055 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

မြင့်စေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊အမှတ်-၃၊ပိတော်ရိပ်မြိမ်၊ရန်ကုန်အင်းစိန်လမ်းမကြီး၊ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၆၆၄၇၈၊ ၀၉- ၇၅၈၃၂၃၆၁၇
(ဌာနခွဲ)အမှတ်(၂)၊၆၂လမ်း၊၂၈× ၂၉လမ်းကြား၊အောင်တော်မူရပ်၊မန္တလေးမြို့၊ဖုန်း-၀၂-၄၀၂၂၅၁၅၊၀၉-၂၅၆၅၆၈၁၈၂

## အသိပေးကြေညာခြင်း

ကျွန်တော်များ Thazin Nwe Family Trading Company Limited ၏ ၁၁-၁၁-၂၀၂၂ ရက်၊ ညနေ ၃:၀၀နာရီမှ ၄:၃၀နာရီထိ ပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ အစုရှယ်ယာပေါင်း (၃၅၀၀၀၀ စု) မှ (၁၂၀၀၀ စု)သို့ လျှော့ချသွားမည်ဖြစ်ကြောင်း အများသိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Thazin Nwe Family Trading Company Limited**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၃၃၆၆၄ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princes Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/98788 Suzuki Viva 110 M/C ယာဉ်လက်ဝယ်ရှိသူ World Vision Myanmar Co.,က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/40082 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd ၃၄လမ်း၊ ၇၄x၇၅ကြား၊ ချမ်းအေးသာစံက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/71281 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Co.,က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/25860 Jinchany 110 M/C ယာဉ်လက်ဝယ်ရှိသူ Toyo Max Trading Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/71955 YUNDE 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၇ယ/၄၃၀၆၇ Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co., Ltdက (ကမ-၃)ပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈၃ယ/၉၆၁၀၅ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltdက (ကမ-၃) ပျောက် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/7533 Toyota Dyna BU 85/Truck (4x2)R ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၅၄၅)နေ (ဦးလှဘော်-ဒေါ်စောရှင်)တို့၏ ဒုတိယမြောက်သမီး၊ (ဦးတင်မောင်-ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ (ဦးကျော်ညွန့်)၏ဇနီး၊ ဦးကျော်စွာမြင့်-ဒေါ်အေးမိနိုင်၊ ဒေါ်နီလာမြင့်၊ ဒေါ်မိုးမိုးစံ၊ ဒေါ်ထွေးထွေးမွန်၊ ဦးဝင်းကိုကို-ဒေါ်နွယ်နီအောင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်လှမြင့်သည် ၂၇-၁၁-၂၀၂၂ရက် နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၂၂ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ ရက် မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MBA 3rd batch(နေပြည်တော်)မှ တပည့်များ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကွင်းအမှတ်နှင့် ကွင်းအမည် ၂၄၄(ထမ္မနဲ)၊ ဦးပိုင်အမှတ်(၁၀၉)၊ မြေအမျိုးအစားနှင့်အတန်း R7၊ ဧရိယာ(၀ဒသမ၈၃)ကေရှိ မြေကွက်၊ ဧရိယာ(၀ဒသမ၄၀)ကေရှိ မြေကွက်နှင့် ဧရိယာ(၃ဒသမ၄၃)ကေရှိ မြေကွက်များမှာ ကျွန်တော် ဦးလွယ်စိန်၏ ဖခင်ဖြစ်သူ ဦးဘုံစံအမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မှ ကိုယ်တိုင်ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် မြိတ်မြို့၊ ဝန်ထမ်းရပ်နေ ဦးစိုးငယ် (ဘ) ဦးဘအင် ၆/မအရ(နိုင်) ၀၉၇၂၉၇အား မြိတ်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄/၂၆၁(၂၉-၆-၂၀၁၄)အရ ကိုယ်စားလှယ်လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ် ဦးလွယ်စိန်မှ အဆိုပါ အထွေထွေကိုယ်စားလှယ်ပေးအပ်ထားသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဦးစိုးငယ်အား ဆက်လက်လုပ်ကိုင်ဆောင်ရွက်စေလိုခြင်း မရှိတော့ပါသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ဤကြော်ငြာပါ သည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွယ်စိန် ၆/မအရ(နိုင်) ၀၇၁၈၅၈**
**တောင်းပြိုရပ်ကွက်၊ မြိတ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### စစ်ကိုင်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၆၀

| | | |
|---|---|---|
| မနီလာတိုး | **နှင့်** | ကိုအောင်မြင့်ခိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေတချောင်းမြောင်းအရှေ့ဘက်၊ ၂၈x၂၉လမ်းကြား၊ ထီးတိုင်ဈေး၊ ပွဲရုံတန်း၊ ဆိုင်အမှတ်(၉)နေ ကိုအောင်မြင့်ခိုင်(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက် (၁၃၈၄ခုနှစ် နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**စစ်ကိုင်းမြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးအောင်မြင့်(Patrick Koont)
### မျက်စိအထူးကုဆရာဝန်ကြီး
### အသက်(၇၈)နှစ်

ဒေါက်တာ သိန်းသန်းထိုက်(တွဲဖက်ပါမောက္ခ၊ မျက်စိရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)-ပါမောက္ခ ဒေါက်တာသစ္စာအေးမောင်သန်း (ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)(ဒုဥက္ကဋ္ဌ၊ Myanmar Anatomy Society)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာဦးအောင်မြင့်သည် ၂၄-၁၁-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခန္ဓာဗေဒဌာန မိသားစု၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### မိတ္ထီလာစီးပွားရေးတက္ကသိုလ်(ပါမောက္ခချုပ်)
### အသက်(၆၀)နှစ်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ် သည် ၂၇-၁၁-၂၀၂၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂:၀၂နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အသုံးချစာရင်းအင်းပညာမဟာဘွဲ့(MAS)သင်တန်း၊ အမှတ်စဉ်(၁)၊ နေပြည်တော်**
**ကျောင်းသား/ကျောင်းသူများ**

## ဒေါ်ခင်ဥ
### အသက် (၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၅)၊ ရာဇသင်္ကြန် (၂)လမ်း၊ ၁၁ ရပ်ကွက်နေ (ဦးသောင်း-ဒေါ်လှတင်) တို့၏သမီး၊ (ဦးဝင်းမောင်-ဒေါ်တင်အုန်း) တို့၏ချွေးမ၊ ဦးတင်ဝင်း၏ဇနီး၊ ဦးဟန်ညွန့်-(ဒေါ်ခင်မြအေး)၊ (ဦးကြည်ညွန့်-ဒေါ်သန်းသန်းအေး)တို့၏ညီမ၊ ဦးတင်အောင်-ဒေါ်သီရိ၊ ဦးအောင်ကျော်ဦး-ဒေါ်သက်ပန်(ခ)ဂျပန်မ၊ ဦးတင်အောင်ခိုင်-ဒေါ်စန်းစန်းလွင်၊ ဦးအောင်နိုင်-ဒေါ်ဇင်ဝင်းမာ၊ ဦးမျိုးသက်အောင်-ဒေါ်အိအိခိုင်၊ ဦးဇော်မင်းထက်-ဒေါ်စီစီမိုး တို့၏မိခင်၊ မြေး(၁၁)ယောက်၊ မြစ်(၁)ယောက်တို့၏ အဘွားသည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ (၃) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၂၂ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ သီလ(၁၀)လမ်း၊ မြေကွက်အမှတ်(၃၃၃-ခ)၊ (အလျား ၆၀ ပေ x အနံ ၂၀ပေ)ဧရိယာ(၁၂၀၀)စတုရန်းပေရှိ ဒေါ်ငွေလှိုင် (S/OKA-၀၄၈၉၃၉)အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်အိမ်နှင့်မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်မောင်ကြည် ၁၂/ဥကတ(နိုင်) ၀၄၀၄၂၉ နှင့် ဒေါ်အေးအေးသက် (S/OKA-၀၈၇၉၉၃)တို့မှ ယနေ့အချိန်ထိ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ကြည်နှင့်ဒေါ်အေးအေးသက်၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၃၅၂၁)(၁၃-၉-၂၀၁၂)** | **(စဉ်-၁၃၄၉၈)(၁၂-၁၀-၂၀၁၇)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်မိုးခိုင် ၈/မမန(နိုင်) ၁၄၅၇၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၊ မြေကွက်အမှတ် ၃၃/ခ၊ (တစ်နည်းအားဖြင့်) သာကေတမြို့ နယ်၊ ၂/မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၇၈/ခ)ဟုခေါ်တွင်သော ဂရန်အမည်ပေါက် ဦးသန်းထိုက်အောင် ၁၂/သကတ (နိုင်) ၁၀၅၄၈၉၊ မြေအကျယ်(၂၀x၆၀)ပေမြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်၏ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်မေ ၁၂/သကတ(နိုင်) ၁၀၇၂၃၃က ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံပြီး ရောင်းချရန်စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့်ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint( Law Firm)**
**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၈၆/၂၀၁၇)**

| | |
|---|---|
| **ဦးရဲမြင့်အောင်(LL.B)** | **ဒေါ်တင်ဇာမျိုး(LL.B)** |
| **(စဉ်-၄၁၇၀၃/၂၀၁၃)** | **(စဉ်-၄၅၂၆၅/၂၀၁၄)** |

**အထက်တန်းရှေ့နေများ**
**အခန်း(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

# ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးသတိုးညွန့်
## အသက်(၇၅)နှစ်

မော်လမြိုင်မြို့နေ (ဦးစံညွန့်-ဒေါ်စန်းစန်းရှိန်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၅၂)၊ အခန်း(၆)နေ ဒေါ်ထားထားရီ၏ခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်လှမျိုးသူ၊ (ဦးကျော်စွာလင်း)တို့၏ဖခင်၊ ဒေါက်တာစိန်မြင့်မောင်-ဒေါ်ကြည်ငွေးညွန့်၊ ဦးသန်းမြင့်-(ဒေါ်မြင့်မြင့်စံ)တို့၏မောင်၊ (ဦးစံဆန်းညွန့်)၊ (ဦးဟန်ရွှေ)-ဒေါ်နွယ်နီညွန့်တို့၏အစ်ကို၊ မအိသက်ထားကျော်၊ မခင်မြတ်နိုးသူတို့၏အဘိုး ဦးသတိုးညွန့်သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၂၂ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ တာမွေမြို့နယ်၊ ဖိုးစိန်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်တင်တင်ညို(A.E)
## တံတားအထူးအဖွဲ့(၈)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၁)၊ အမှတ်(၁၄၆/၁)နေ (ဦးရွှေတင်-ဒေါ်ထွားမဖြူ) တို့၏သမီးထွေး၊ (ဦးအေးမောင်)-ဒေါ်လှမြင့်တို့၏သမီးချွေးမ၊ ဦးတင်သန့်-ဒေါ်ခင်လှ၊ ဦးတင်ခန့်-(ဒေါ်သန်းရီ)၊ ဦးတင်မြင့်-(ဒေါ်မေရီ)၊ ဦးစံအေး-ဒေါ်တင်မြင့်ရီ၊ (ဦးမောင်ကြီး)-ဒေါ်တင်တင်နွယ်၊ (ဒေါ်ဆေကဝတီ)တို့၏ညီမ၊ ဦးမောင်ထွေး-ဒေါ်ဝင်းတင်တို့၏အစ်မ၊ ဦးအောင်ငွေးဦး၏ဇနီး၊ မောင်အောင်ဇော်မိုး၏မိခင်သည် ၂၆-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် ၉:၅၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂: ၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်မှန်နှင့် မိဘအမည်မှန်

ရလက(၃)စည်သူတပ်ခွဲမှ ဒုခွမ်ဒါဝိ(ခ)ဒါဝိ၏အမည်နှင့် မိဘအမည်မှန်မှာ ဒုခွမ်ယာဂု(ခ)ယာဂု-ဒေါ်ရဲဂျီးလား(ခ)ရဲဂျီလာဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက(၃) စည်သူတပ်ခွဲမှ ကျော်ဇင်မင်း၏ မိဘအမည်မှန်မှာ ဦးသန်းမော်(ခ)ထွန်းမော်-ဒေါ်ဝေဝေမာ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက(၃) စည်သူတပ်ခွဲမှ ယောဘ၏ မိဘအမည်မှန်မှာ ဦးကျာဖေ့(ခ)ကျဖေ-ဒေါ်နာအူ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၉၉)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဦးခင်မောင်ရင် အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးတင်ရွှေ ၁၂/ကမတ(နိုင်) ၀၅၃၀၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအာကာစိုး ၁၂/သကတ(နိုင်) ၁၇၄၃၇၃ကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးအာကာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ လေးလွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## မိဘအမည်မှန်

ရလက(၃) စည်သူတပ်ခွဲမှ အယ်တူးအောင်၏ မိဘအမည်မှန်မှာ ဦးအေးလွင်-ဒေါ်ရင်မေ(ခ)ဒေါ်ဝင်းဝင်းမွန် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက(၃) စည်သူတပ်ခွဲမှ စံလင်းထွန်း၏ မိဘအမည်မှန်မှာ ဦးဇော်ဇော်-ဒေါ်မိချို (ခ)ဒေါ်ခင်သက်လွင် ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**❖ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ အမှတ်စဉ်(၄)မှာလည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထား လုပ်ဆောင်သွားမည်ဆိုတဲ့အချက်ကို အတိအလင်း ထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလို ပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ တက်ရောက်ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ(ဒုတိယနေ့)ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ပဒေသာကပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖


ယနေ့ သတင်း အညွှန်း

သာယာအေးမြ နတ်တော်လ — ဆောင်းပါး — စာ ၁၆

Twitter တွင် အရောင်သုံးမျိုးဖြင့် အမှန်ခြစ်အမှတ်အသားများ အသုံးပြုသွားမည် — နည်းပညာနှင့် သတင်းအချက်အလက် — စာ ၂၀

နာမည်ကြီး ဘရာဇီးကို အနိုင်ယူဖို့ မလွယ်တဲ့ ဆွစ်ဇာလန် — ၂၀၂၂ ကာတာကမ္ဘာ့ဖလား — စာ ၂၂


## မော်ရိုကိုအသင်း နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အားကောင်း

နိုဝင်ဘာ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား အုပ်စု (စ) ပွဲစဉ် (၂) မှ နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် မော်ရိုကို အသင်းတို့ပွဲစဉ်တွင် မော်ရိုကိုအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အားကောင်းလာခဲ့ပြီဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် အဓိကကစားသမားအများစုဖြင့် မော်ရိုကိုအသင်းကို ရင်ဆိုင်လာခဲ့သော်လည်း ကစားပုံကျစ်လျစ်ပြီး အဆုံးသတ်သေချာသည့် မော်ရိုကိုအသင်းက ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မော်ရိုကိုအသင်းသည် ယခုပွဲစဉ်တွင်

*စာမျက်နှာ ၂၂ ကော်လံ ၅* ❍